စိတ်ကူးချိုချိုအနုပညာ



# ဇော်ဇော်အောင်

# စာပေသဘောတရား နှင့် ဝေဖန်ရေးအခြေခံကျမ်း

စတုတ္ထအကြိမ်

mgyoe.com

mgyoe.com

စာပေအနုပညာ၏ အကြောင်းအရာသည်
လွန်စွာကျယ်ဝန်း များပြားပါသည်။
လွန်စွာလည်း ရှုပ်ထွေးသည်။
လွန်စွာလည်း သိမ်မွေ့ပါသည်။
ပင်လယ်သမုဒ္ဒရာ၏ အလယ်တွင် ရောက်နေသူပမာ
အစမရှိ အဆုံးမရှိသောကြောင့် ....

ISBN 9789997113306
ZZA11
9 789997 113306
2,700.00KS

စာပေသဘောတရားနှင့်ဝေဖန်ရေးအခြေခံကျမ်း။ ဇော်ဇော်အောင်
စာမျက်နှာ ၁၉၂ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၅ စိတ်ကူးချိုချို၏ တတိယအကြိမ်မူ၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# စာပေသဘောတရားနှင့် ဝေဖန်ရေးအခြေခံကျမ်း

## ဇော်ဇော်အောင်

စတုတ္ထအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဖတ်စာအညွှန်း


၁။ စာပေသဘောတရားနှင့် ဝေဖန်ရေးအခြေခံကျမ်း ၁

၂။ မရမ်းကုန်းစစ်တမ်း ၁၉၃

၃။ ကျိုက်ပိုင်းစစ်တမ်း ၂၅၅

၄။ ခြောက်ဒသမသုညတစ် ၃၉၇

၅။ ပို့စ်မော်ဒန်သီဝရီများ ၄၆၉


ဇော်ဇော်အောင်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စာပေသဘောတရား

နှင့်

# ဝေဖန်ရေး

## အခြေခံကျမ်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာ

လွန်ခဲ့သော ခြောက်နှစ်ကျော် ခုနစ်နှစ်လောက်က ဤစာအုပ်ကို စရေးပါသည်။ ထိုစဉ်က ကျွန်တော့်ဘဝတစ်သက်တာမှာ စိတ်မချမ်းသာစရာအကောင်းဆုံး အခြေအနေများနှင့် ကြုံတွေ့နေရခိုက်ဖြစ်သည်။ စိတ်ဒုက္ခသောကများ သက်သာရာ သက်သာကြောင်း ရည်ရွယ်ဝင်စား၍ ဤစာများကို ရေးခဲ့ပါသည်။ စိတ်ဆင်းရဲ ပင်ပန်းမှုများ ပပျောက်မသွားသော်လည်း ရေးလက်စကို အပြီးသတ်ရန် အားခဲ ရေးသားခဲ့သည်။ သို့သော် တစ်နှစ်ခန့်အကြာတွင် ဆက်မရေးဖြစ်၊ ရပ်တန့်သွားခဲ့ သည်။ ယခုတစ်ဖန် ၉၇ ခုနှစ် ဆန်းပိုင်းလောက်တွင် ရေးလက်စ စာမူများကို ပြန်ကိုင်ဖြစ်ပါသည်။ မူလရည်ရွယ်သည့် စာအုပ်ပုံစံအတိုင်း များများစားစား ပြင်ဆင်ဖြည့်စွက်ခြင်းမရှိဘဲ အချောကိုင် အဆုံးသတ်ခဲ့သည်။ ၉၇ နိုဝင်ဘာလ ဆန်းပိုင်းလောက်တွင် ပြီးခဲ့၏။ မူလစာအုပ်မှာ... "စာပေသဘောတရားနှင့် စာပေ ဝေဖန်ရေးသဘောတရား အခြေခံကျမ်း" ဟု အမည်တပ်ခဲ့သည်။ အခြေအနေ အကြောင်းကြောင်းကိုထောက်၍ "စာပေ" နှင့် "ဝေဖန်ရေး" ကို သီးခြားခွဲလိုက် ပါသည်။ ရှေးဦးသင်ကျမ်းတစ်ကျမ်းဟု သဘောထားအပ်ပါသည်။

ကျေးဇူးစကားဆိုဖွယ်ရှိသူတွေ များပါ၏။ သူတို့အကြောင်းမပါလျှင် (ဝါ)

mgyoe.com

mgyoe.com
မပြောခဲ့လျှင် (ကျွန်တော့်အဖို့) ဤစာအုပ်သည် ပြည့်စုံမည်မဟုတ်ပါ။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်ကပင်၊ ကလေးတွေအတွက် (ဤစာအုပ်မျိုး) တစ်အုပ်ရေးသင့်ကြောင်း အလေးအနက် တိုက်တွန်းသူတွေ ရှိခဲ့ပါသည်။ ယခု တက္ကသိုလ်မှ အငြိမ်းစားယူသွားပြီဖြစ်သော နှောင်တော်ကြီး မောင်စံဖော်ကို ပထမဆုံး ပြောရပါမည်။ လက်ရှိ တက္ကသိုလ် မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်နေသော ကထိကဆရာ ဦးထွန်းသန်းကိုလည်း ဖော်ပြရပါမည်။ တတိယ လူမှာ ယခု မရှိရှာတော့ပြီ။ သူငယ်ချင်းစာရေးဆရာ ငြိမ်းကျော် ဖြစ်ပါသည်။ ဦးချစ်လက်ဖက်ရည်ဆိုင် ဗာဒံပင်ရိပ်အောက်က ညနေခင်းပေါင်းများစွာ သူ တိုက်တွန်းပြောကြားခဲ့သော စကားလုံး၊ စကားသံပေါင်းများစွာသည် ယနေ့တိုင် တိတ်ဆိတ်စွာ ပဲ့တင်ရိုက်ခတ်နေပါလိမ့်ဦးမည်။ မဆုံးသံသရာ၏ ပွိုင့်တစ်ပွိုင့်မှာ ယခုအခါ ရောက်ရှိနေပြီဖြစ်သော သူငယ်ချင်းကို ဤအမှာက ကျေးဇူးစကား ဆိုလိုက်ပါသည်။

တကယ်တမ်းပြောရလျှင် ကျွန်တော်တို့မှာ ဖတ်စရာစာအုပ် အလွန်ရှားပါးပါသည်။ အကြောင်းတစ်ခုကို သိချင်၍ သို့မဟုတ် ဆက်လက်ဆည်းပူးချင်၍ စာတစ်အုပ်ကို ကောက်ကိုင်လိုက်သည်။ ကိုယ်သိချင်သော အကြောင်းတော့ဖြင့် သိလိုက်ရပြီ။ သို့သော် သည်မျှနှင့် မပြည့်စုံသေး။ ဆက်၍ညွှန်းသည်။ စာအုပ်ကမရှိ။ ဤဆင်းရဲမှုဒဏ်ကို ကျွန်တော်တို့စာသမားများ ခံနေကြရပါသည်။ လမ်းဘေးပလက်ဖောင်း ပိဋကတ်တိုက်တွေမှာ တစ်အုပ်တလေ ရှာ၍ရသည်။ ဆက်ဖတ်ချင်သောအခါ သည်တစ်အုပ်သာရှိ၏။ တစ်အုပ်ကောင်း၊ နှစ်အုပ်ကောင်း စိတ်ကြိုက်တွေ့ရာ ရှာဖွေဖတ်ရှုရင်း အချင်းချင်း အလဲအလှယ် လုပ်ကြရသည်။ "အိမ်နီးချင်းဟင်းတစ်ခွက်ပေး" သော ကျေးလက်တောရွာ ယဉ်ကျေးမှုကို နှစ်သက်ကြည်နူးဖွယ်ကောင်းလှကြောင်း စာသမားများ သိကြပါသည်။ ကျွန်တော့်ကို စာအုပ်ကောင်း စာအုပ်ရှားများ ဖြည့်ဆည်းပေးသူမှာ (လွန်ခဲ့သော နှစ်နှစ်ဆယ်အစိတ်ကစ၍ ယနေ့တိုင်) စာရေးဆရာ မြတ်သစ်ဖြစ်၏။ သူ့ကိုလည်း ကျေးဇူးတင်ရပါသည်။

နောက်တစ်ယောက်မှာ ဝတ္ထုတိုသမား ဇော်မော်ကိုဖြစ်ပါသည်။ ဝတ္ထုတိုများ ရုံခါရေးသည်။ မဂ္ဂဇင်းတွေမှာ မပါသည်က များသည်။ မြန်မာဘာသာစကား
mgyoe.com

mgyoe.com
လက်ထောက်ကထိက တာဝန်ထမ်းဆောင်ရင်း "ပါရဂူ" Ph.D. သင်တန်းတက်နေသော ပညာရပ်သမား ကျောင်းသားတစ်ယောက်လည်း ဖြစ်သည်။ ဤစာအုပ်မှာ "ဝေါဟာရအညွှန်း"INDEXကို သူပြုစုပေးပါသည်။ စာအုပ်တစ်အုပ်မှာ "အညွှန်း" INDEX ၏ အရေးပါမှုကို၊ စာပေသမားတိုင်း သိကြပါသည်။ မသေးငယ်လှသော ထိုတာဝန်ကို ယူပေးသည့်အတွက် သူ့ကိုလည်း ကျေးဇူးတင်ရပါသည်။

နောက်ဆုံး ဖော်ပြရမည့်သူမှာ ဤစာအုပ်ကို ထုတ်ဝေပေးသော စာရေးဆရာ ကိုတာနှင့် သူ၏ မုံရွေးစာအုပ်တိုက် ဖြစ်သည်။ စာအုပ်ထုတ်ဝေရေးမှာ တကယ်မလွယ်ကူပါ။ အတော်များများ သိရှိခံစားကြပါသည်။ ကိုတာက ဤစာအုပ်ကို မဆိုင်းမတွထုတ်ပေးပါသည်။ ယနေ့ စာပေလောက၊ ပညာလောကမှာ "ဖြန့်ထွက်တွေးခြင်း" စာအုပ်တစ်အုပ် ပေါ်ထွက်လာသည်။ ထိုစာအုပ်ကို သူရေး၏။ အယူအဆ အတော်များများ ညှိစရာမလိုဘဲ သူနှင့်ကျွန်တော် ကိုက်ညီနေသည်။ ယခု ကျွန်တော့်စာအုပ်သည် ရှိနှင့်ပြီးဖြစ်သော အယူအဆများကို အခြေခံထားသောကြောင့် ကျွန်တော်တို့ (သူနှင့်ကျွန်တော်) လိုလားသော "အသစ်များ" မပါသလောက်ပင် ဖြစ်၏။ သို့တိုင်အောင် ကျွန်တော်၏ ဤစာအုပ်ကို လိုလားစွာ (သူ့ကိုယ်ရေးကိုယ်တာ အခက်အခဲတွေကြားထဲက) ထုတ်ပေးသောကြောင့် သူ့ကို အထူးကျေးဇူးတင်လိုက်ပါသည်။

၁၊ ဒီဇင်ဘာ၊ ၁၉၉၇။

o

mgyoe.com

mgyoe.com

# စာပေသဘောတရားအတွက် စကားဦး

**စကားဦး**

ဤကျမ်းသည် စာပေ (အနုပညာ) ကို စိတ်ဝင်စား၍ လေ့လာလိုက်စားလိုသော စာဖတ်ပရိသတ်အတွက် ရည်ရွယ်ထားသောကျမ်း ဖြစ်ပါသည်။ အခြေခံကျမ်းဟု ခေါ်ဆိုထားသည့်အားလျော်စွာ အခြေခံအချက်အလက်များကိုသာ ဖော်ပြနိုင်ပါလိမ့်မည်။ စာပေအမျိုးအစားတစ်ရပ်ရပ်ကို သမိုင်းကြောင်းချီ၍ ကျယ်ပြန့်ပြည့်စုံစွာ ဖော်ပြနိုင်လိမ့်မည်မဟုတ်ပါ။ ထို့အတူပင် စာပေအမျိုးအစားတစ်ရပ်ကို ဝေဖန်သုံးသပ် အကဲဖြတ်၍ ပြနိုင်လိမ့်မည်လည်း မဟုတ်ပါ။ ကျမ်း၏ သဘာဝအရ သာမန်စာဖတ်ပရိသတ် (သို့မဟုတ်) အထွေထွေ စာဖတ်ပရိသတ်အတွက် စာပေ၏ အကြောင်းခြင်းရာ လက္ခဏာတို့ကို ယေဘုယျသဘောမျှသာ ဖော်ပြသွားပါမည်ဟု ထပ်မံဆိုခဲ့ပါသည်။ အယူအဆ အတွေးအခေါ် တိမ်းပါးချွတ်ချော်သည်များ မပြည့်စုံသည်များ ရှိခဲ့ပါလျှင် နောက်လူများ ပြင်ဆင်ဖြည့်စွက်ကြပါဟု ကျမ်းမစမီကပင် လေးနက်လှိုက်လှဲစွာ ရင်တွင်းစကား ဆိုခဲ့ပါသည်။

**တာထွက်**

စာပေအနုပညာ၏ အကြောင်းအရာသည် လွန်စွာ ကျယ်ဝန်းများပြားပါသည်။ လွန်စွာလည်း ရှုပ်ထွေးသည်။ လွန်စွာလည်း သိမ်မွေ့ပါသည်။

mgyoe.com

mgyoe.com

ပင်လယ်သမုဒ္ဒရာ၏အလယ်တွင် ရောက်နေသူပမာ၊ အစမရှိ အဆုံးမရှိသော ကြောင့် ဘယ်ကစ၍ ပြောရမှန်းမသိ၊ ဘယ်အချက်က စကိုင်တွယ်ရမှန်းမသိ ဖြစ်တတ်ပါသည်။ ရိုးရိုးပြောရလျှင် ပြောစရာတွေ များလွန်းသောကြောင့် ဘယ်ကစပြောမှန်းမသိ ဖြစ်တတ်ပါသည်။ အထူးသဖြင့် စာရေးသူများ (ဘယ်စာပေအမျိုးအစား မဆို) မကြာခဏ ကိုယ်တွေ့ကြုံဖူးပါလိမ့်မည်။ ယခုလည်း ထို အဖြစ်မျိုး ကြုံရပါသည်။ ဘယ်ကစ၍ "တာထွက်" ရမည်လဲ။ အထွေထွေစာဖတ် ပရိသတ်အတွက် ရည်ရွယ်သည်ဖြစ်သောကြောင့် "ဝေါဟာရနှင့် ဖွင့်ဆိုသတ်မှတ်ချက်" များကစ၍ တာထွက်ပါမည်။

## ဝေါဟာရ၊ သတ်မှတ်ချက်၊ ဖွင့်ဆိုခြင်း

မည်သည့်အကြောင်းကိစ္စမဆို သာမန် အလွတ်သဘော ပြောဆိုရာတွင် လွယ်ကူသက်သာပါသည်။ အလေးအနက် သဘောထား၍ (သို့မဟုတ်) ပညာရပ်တစ်ခုအဖြစ် သဘောထား၍ ပြောဆိုသောအခါမျိုးတွင် သိပ်မလွယ်လှပါ။ မိမိပြောလိုသော အကြောင်းကိစ္စကို ဖော်ပြသုံးနှုန်းရာ အဓိပ္ပာယ် အနက်သဘောတို့၏ ပေါ်လွင်မှု၊ ရည်ရွယ်သော အဓိပ္ပာယ်ကို ရောက် မရောက်၊ ပရိသတ်၏ အဓိပ္ပာယ်ကောက်ယူပုံ၊ မိမိရည်ရွယ်သော အဓိပ္ပာယ်နှင့် ပရိသတ်ရလိုက်သော အဓိပ္ပာယ် စသည်ဖြင့် အကျိုးသက်ရောက်မှုများ အလွန် များပြားရှုပ်ထွေးနိုင်ပါသည်။ ဝေါဟာရတစ်လုံးကို တစ်နေရာတွင် ဤအဓိပ္ပာယ်နှင့် သုံးသော်လည်း နောက်တစ်နေရာတွင် အခြားအဓိပ္ပာယ်တစ်ခုဖြင့် သုံးရပြန်သည်။ သည်နေရာမှာ သည်လိုရှင်းသော်လည်း ထိုနေရာမှာ ထိုသို့ရှုပ်နေတတ်ပြန်သည်။ အကြောင်းတစ်ခုကို ပြောပြပြီးသော်လည်း တစ်နေရာမှာ လိုအပ်၍ ထပ်ပြောရသည်လည်း ရှိပါသည်။ ပညာရပ်နှင့်ပတ်သက်၍ ပြောကြဆိုကြ ရေးသားကြရာတွင် ထိုသို့ ဖြစ်တတ်သည်မှာ ဓမ္မတာပင် ဖြစ်၏။

တစ်ခါတစ်ရံမှာလည်း ဤသို့ ဖြစ်တတ်ပါသေးသည်။ ပြောသူရေးသူကိုယ်တိုင်က မိမိပြောလိုက် ရေးလိုက်သောအကြောင်း စာဖတ်သူထံ ရောက်မှ ရောက်ပါ့မလား၊ နားမှ လည်ပါ့မလားဟူသော စိုးရိမ်စိတ်ကြောင့် (ဝါ)နားလည်ရောက်ရှိစေလိုသော စေတနာကြောင့် တုံ့တုံ့ဆိုင်းဆိုင်း ထစ်ငေါ့၍ နေတတ်ပါသည်။

mgyoe.com

mgyoe.com
မိမိစာကို မိမိအားမရ၍ အကြိမ်ကြိမ် ဖျက်လိုက်ပြင်လိုက်ရေးခြင်းမျိုးသည် ထိုသို့သောအခါမျိုးတွင် ကြုံတတ်ပါသည်။ ပြောလိုရင်းမှာ စာရေးရာတွင် ချောချောမွေ့မွေ့မဖြစ်၊ ခက်ခက်ခဲခဲ ရှုပ်ထွေးနေတတ်သည်ဆိုသော အချက်ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သလို တစ်နေရာတွင် ရှင်းနေသော်လည်း တစ်နေရာတွင် ရှုပ်နေတတ်ပါသည်။ လိုရာမရောက် ခရီးမတွင် ဖြစ်တတ်ပါသည်။

ထို့ကြောင့် အတတ်နိုင်ဆုံး ရှင်းလင်းအောင် (ဘာသာရပ် ခက်စေကာမူ) အတတ်နိုင်ဆုံး လွယ်ကူအောင် ကြိုးစားကြရပါမည်။ ဂရုစမ္ဘစိုက်ကြရပါသည်။ ထိုသို့ ရှင်းအောင်လွယ်အောင် ကြိုးစားရာတွင် ဝေါဟာရများကို ရှေးဦးစွာ သတ်မှတ်ရပါသည်။ ဝေါဟာရဆိုသည်မှာ မိမိဘာသာရပ်တွင် အစဉ်တစိုက် အသုံးပြု ပြောဆိုရေးထားသည့် ဝေါဟာရကို ဆိုလိုသည်။ စာပေဝေါဟာရ (LITERARY TERM)ဟု ခေါ်ရပါမည်။ ဝေါဟာရဆိုလိုက်သည်နှင့် သီးခြားသတ်မှတ်ချက်က ပါပြီးဖြစ်သည်ဟု မှတ်ယူရပါမည်။ ဆိုလိုသည်မှာ "လူ" "ခွေး" "သစ်ပင်" "ကျောက်တုံး" "အိပ်သည်" "စားသည်" "သွားသည်" စသော သာမန်အဓိပ္ပာယ်နှင့် သုံးသည့် စကားလုံးများမဟုတ်။ ပညာရပ် ဘာသာရပ်နယ်တစ်ခုအတွင်းမှာ သီးခြားအဓိပ္ပာယ် အနက်သဘော သတ်မှတ်ချက်များဖြင့် ဤနေရာတွင် ဤအဓိပ္ပာယ်နှင့် သုံးသည်။ ထိုနေရာတွင် ထိုအဓိပ္ပာယ်နှင့် သုံး သည်ဟူ၍ သတ်မှတ်လိုက်သောသဘော ဖြစ်ပါသည်။ ယေဘုယျအသုံး၊ သာမန် ရပ်သုံးရွာသုံးနှင့် တူသည်လည်း ရှိမည်။ ကွဲပြားသည်လည်း ရှိမည်။ သီးခြားသတ်မှတ်ထားသည်ဆိုသောအချက်က ပေါ်လွင်နေရပါမည်။ ထို့ကြောင့် မိမိ ပြောလို ရေးလိုသော ဘာသာရပ်တွင် ဝေါဟာရနှင့် ဝေါဟာရသတ်မှတ်ချက်ကို အလေးထားရပါသည်။

ဝေါဟာရများကို သတ်မှတ်ရုံနှင့် မပြီးပါ။ လိုအပ်လျှင် ရှင်းလင်းဖွင့်ဆိုရပါသည်။ ရှင်းအောင်ရေးဖို့အတွက် ဖွင့်ဆိုချက်များ ပေးရသည့်အခါလည်း ရှိပါသည်။ ဖွင့်ဆိုချက် (Defination )ဟု ခေါ်ရပါမည်။ ပုံစံအားဖြင့် နိမိတ်ပုံ (Image) ဆိုသော ဝေါဟာရကို ပြပါမည်။ စာပေအနုပညာတွင် နိမိတ်ပုံဆိုသော ဝေါဟာရ၏ အဓိပ္ပာယ်အသုံးတို့ကို ကျယ်ပြန့်စွာရှင်းလင်းဖွင့်ဆိုရပါသည်။
mgyoe.com

mgyoe.com
မည်သည့် အဓိပ္ပာယ်ကို ရည်ရွယ်၍သုံးကြောင်း စသည်ဖြင့် ရှင်းပြရပါသည်။ ဖွင့်ဆိုချက်ဟု ဆိုလိုက်သည်နှင့် သတ်မှတ်သောသဘောက ပါပြီးဖြစ်သည်ဟု မှတ်ယူရပါမည်။ ဆက်၍ စဉ်းစားကြည့်ပါမည်။ အင်္ဂလိပ်ဘာသာစကား "Image" ဟူသော ဝေါဟာရကို နိမိတ်ပုံဟု ပြန်ဆိုသုံးစွဲခဲ့ပါသည်။ (ဆရာဇော်ဂျီ၏ ပြန်ဆိုချက်ဖြစ်ပါသည်။) ထိုအင်္ဂလိပ်ဝေါဟာရကိုပင် အခြားသော ပညာရပ်နယ်များတွင် သုံးစွဲကြပါသည်။ ပမာအားဖြင့် ပို့စ်မော်ဒန် (Post Modern)စာပေသီဝရီများမှာပါရှိသော Image သည် နိမိတ်ပုံဟူသော အဓိပ္ပာယ်နှင့် အနည်းငယ်ကွဲလွဲသည်။ ဘာသာဗေဒ (Linguistics) မှာ ပါရှိသော (Word Image Sound Image) တို့နှင့် ပို၍နီးသည်။ (ထို့ကြောင့် ယခင်ဆောင်းပါးအချို့တွင် အာရုံရုပ်ဟု ပြန်ဆို သုံးစွဲဖူးပါသည်။) နိမိတ်ပုံကို မည်သည့်နေရာတွင် မည်သို့သုံးသည်၊ အာရုံရုပ်ကို မည်သည့်နေရာတွင် မည်သို့သုံးသည် စသည်ဖြင့် ရှင်းလင်းအောင်ဖွင့်ဆိုပေးရပါသည်။ သတ်မှတ်ပေးရပါသည်။ ထို့ကြောင့် ဝေါဟာရများကို သတ်မှတ်သုံးစွဲရုံနှင့် မပြီးသေး။ လိုအပ်သလို ရှင်းလင်းဖွင့်ဆို၍လည်း သတ်မှတ်ပေးရပါသည်။

## အင်္ဂလိပ်ဝေါဟာရများ

ဤကျမ်းနှင့်ပတ်သက်၍ ကြိုတင်ပြောထားရန် တစ်ချက်ရှိပါသေးသည်။ ထိုအချက်မှာ "အင်္ဂလိပ်ဝေါဟာရ" များကို ထည့်သွင်းထားခြင်းဖြစ်သည်။ အချို့သော ကေစိတို့က အင်္ဂလိပ်ဝေါဟာရများ ထည့်သွင်းဖော်ပြသည်ကို ပြစ်တင် ရှုတ်ချကြပါသည်။ ကေစိများ၏ ပြစ်တင်ရှုတ်ချခြင်းသည် အရေးမကြီးပါ။ သို့သော် ဘာကြောင့် ထည့်သွင်းဖော်ပြရကြောင်း အထွေထွေစာဖတ်ပရိသတ်/ လေ့လာလိုသူများကို ရှင်းပြဖို့ လိုအပ်ပါလိမ့်မည်။ အဓိကအကြောင်းမှာ ပညာရပ်ဝေါဟာရ၊ ဘာသာရပ်ဝေါဟာရအဖြစ် တိတိကျကျ သတ်မှတ်ပြန်ဆိုထားခြင်း မရှိသေးသောကြောင့် (ဝါ) နည်းပါးသေးသောကြောင့် ဖြစ်ပါသည်။ အင်္ဂလိပ်ဝေါဟာရများမှာ အသုံးတွင်၍ အတည်တကျရှိပြီးသား ဖြစ်နေပါသည်။ အခြားသော ဘာသာစကား (ပြင်သစ်၊ ဂျာမန်စသည်) များနှင့်စာလျှင် အင်္ဂလိပ်ဘာသာစကားက နီးစပ်ယဉ်ပါးပါသည်။ ပမာအားဖြင့် Allegory ဆိုသော
mgyoe.com

mgyoe.com
ဝေါဟာရသည် အတည်တကျ သတ်သတ်မှတ်မှတ် မရှိသေးပါ။ ယင်းတွင် အလင်္ကာ၊ တင်စားချက်၊ သင်္ကေတ၊ ဝင်္ကဝုတ္တိသဘောများ ရောယှက်ပါဝင်နေပါသည်။ ယင်းကို ဤနေရာတွင် ဤအဓိပ္ပာယ်နှင့်သုံးသည်။ ဤအနက်သဘောနှင့်သုံးသည်ဟု ဖွင့်ဆိုရှင်းလင်းပြရသည်။ အင်္ဂလိပ်ဘာသာစကားမှာ အကျယ်ရှင်းဖို့ မလိုအပ်။ ဤစကားလုံးသုံးသည်နှင့် ဤနေရာတွင် ဤအဓိပ္ပာယ်ဟု သိပြီးဖြစ်ပါသည်။ ထို့ကြောင့် အင်္ဂလိပ်ဝေါဟာရများ ယှဉ်တွဲထည့်သွင်းရခြင်းဖြစ်ပါသည်။ ဤ ကျမ်းတွင်လည်း ထည့်သွင်းဖော်ပြထားပါသည်။

နောက်အကြောင်းတစ်ခုလည်း ရှိပါသည်။ ဘာသာစကား၏ သဘာဝအရ ဝေါဟာရစကားလုံးများ၏ အဓိပ္ပာယ်မတိကျမှု၊ မရေရာ မသေချာမှုကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ ဝေါဟာရတစ်ခုကို ပညာရှင်များက မိမိတို့မူလ အယူအဆအရ အမျိုးမျိုး ပြန်ဆိုတတ်ကြပါသည်။ ပုံစံအားဖြင့် RHYTHM ကို "နရီ" "စည်းဝါး" "သံစဉ်လှိုင်း" စသည်ဖြင့် ပြန်ကြပါသည်။ မူရင်းဝေါဟာရ၏ နယ်ကလည်း လွန်စွာ ကျယ်ပြန့်ပါသည်။ "ထူးအိမ်သင်" ၏ သီချင်းတစ်ပုဒ်မှာလည်း RHYTHM ရှိသည်။ "ပုဂံ အာနန္ဒာ" မှာလည်း ရှိသည်။ "ဒဂုန်တာရာ" ၏ ကဗျာတစ်ပုဒ်မှာလည်း ရှိသည်။ "သိန်းဖေမြင့်" ၏ စကားပြေမှာလည်း ရှိသည်။ "ယိုးဒယားပြန် အမာစိန်" ၏ အကမှာလည်းရှိသည်။ "ဗဂျီအောင်စိုး" ၏ ကားတစ်ချပ်မှာလည်း ရှိသည်။ အနုပညာအမျိုးအစား ကွဲပြားသည်ကို ထားလိုက်တော့။ မျိုးတူတစ်ခုတည်းမှာကိုက အမျိုးမျိုး ပြန်ဆိုသုံးစွဲနိုင်သည်။ ထို့ကြောင့် လေ့လာလိုက်စားလိုသော ပရိသတ်အတွက် အတည်ဖြစ်ပြီးသော အင်္ဂလိပ်ဝေါဟာရကို ထည့်သွင်းအသုံးပြုရပါသည်။ လေ့လာသူများဆက်လက်လေ့လာလိုက်စားကြရန်သာ ရှိပါသည်။ ကိုလိုနီခေတ်က အင်္ဂလိပ်စာတတ်များ ဗမာစကားပြောရာတွင် အင်္ဂလိပ်စကား "ညှပ်" ၍ ပြောခြင်းနှင့်မတူကြောင်း၊ ပညာရပ်သဘာဝကို ဆင်ခြင်ကြည့်လျှင် သိနိုင်ပါလိမ့်မည်။

နောက်တစ်ချက်မှာ အချို့သော စာပေဝေါဟာရများကို ဘာသာမပြန်ဘဲ တိုက်ရိုက်အသံလှယ်၍ သုံးထားပါသည်။ ထိုကိစ္စကို ပြောရပါမည်။ ပုံစံအားဖြင့် မော်ဒန်ဟူသော ဝေါဟာရကို "ခေတ်ပေါ်" "ခေတ်ပြိုင်" "ခေတ်သစ်" "ကာလပေါ်" စသည်ဖြင့် သုံးတတ်ကြပါသည်။ (ထိုအကြောင်းကို ယခင်စာများ

mgyoe.com

တွင် အတော်များများ ပြောခဲ့ပြီးပါပြီ။) မတိကျပါ။ မတိကျသော်လည်း ယေဘု ယျ ခြုံ၍ ပြောဆိုသုံးစွဲရသော အခါများလည်း ရှိတတ်ပါသည်။ ဤသို့သော ဝေါဟာရမျိုးကို အသံလှယ်၍ တိုက်ရိုက်ယူလိုက်လျှင် ပိုကောင်းမည်ဟု ထင်ပါ သည်။ အထွေထွေအပြားပြား မဖြစ်စေရန် ရည်ရွယ်သည်ဟု မှတ်ယူသင့်ပါ သည်။ မြန်မာပြန်ဝေါဟာရရှိလျှင် မကောင်းဘူးလားဟု မေးစရာရှိလာပါသည်။ ကောင်းပါသည်။ ကျွမ်းကျင်သော ပညာရှင်အဖွဲ့ကြီးများ အကယ်ဒမီကြီးများက ပြန်ဆိုသတ်မှတ်ပေးလိုက်လျှင် အလွန်ကောင်းပါမည်။ အခိုက်အတန့်အားဖြင့် မူရင်းအတိုင်း အသံလှယ်၍ အချို့ကို သုံးစွဲသွားပါမည်။ အချို့ကို အင်္ဂလိပ် ဝေါဟာရများ ထည့်သွင်းယှဉ်တွဲ၍ ဖော်ပြသွားပါမည်။

❖

mgyoe.com

mgyoe.com

## ၁း၀။ စာပေ

ဝေါဟာရ၊ ဝေါဟာရကပင် စတင်ရပါမည်။ ဤဝေါဟာရနှင့် အသုံး မည်သည့်အချိန်တွင် စတင်ပေါ်ပေါက်ခဲ့သည်၊ မည်သူက စတင်သုံးခဲ့သည် ဆိုသောအချက်များကို ပြောမနေတော့ပါ။ စာပေသမိုင်း သုတေသီများ တင်ပြပြီး ပါပြီ။ လက်ရှိ မျက်မှောက်၊ ယနေ့ယခု၊ သုံးစွဲနေသော ဝေါဟာရတစ်ခုအဖြစ်သာ လေ့လာတင်ပြသွားပါမည်။ စာပေဆိုတာ ဘာလဲ။

## ၁း၁။ ဝေါဟာရ/အကြောင်းမှတ်ချက်

စာပေဆိုတာ ဘာလဲဟုမေးလျှင် လူတိုင်းဖြေနိုင်ကြလိမ့်မည် ထင်ရသည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းလိုလို သိနေသောကြောင့် ဖြစ်၏။ သို့သော် တကယ် အလေးအနက် စေ့စေ့စပ်စပ် စူးစမ်းဖြေကြမည်ဆိုလျှင် မရေရာ မသေချာ ဖြစ်၍ လာပါလိမ့်မည်။ အသေအချာ အတိအကျပြောဖို့ မလွယ်သည်ကို တွေ့ရပါ လိမ့်မည်။ ပထမဆုံးတွေ့ရမည့် အခက်အခဲမှာ စာပေအမျိုးအစားတွေ များပြားစွာ ဖြစ်ပေါ်တည်ရှိနေခြင်း၊ ထိုသို့ ဖြစ်ပေါ်တည်ရှိနေကြောင်း ကျွန်တော် တို့ (ဤနေရာမှ စ၍ ကျွန်တော်/ ကျွန်တော်တို့ဟု သုံးနှုန်းသွားပါမည်။) သိ နေခြင်း ဖြစ်ပါသည်။ ပမာအားဖြင့် ရသစာပေ၊ သုတစာပေ၊ ကလေးစာပေ၊

mgyoe.com

mgyoe.com
ဘာသာရေးစာပေ၊ ခရီးသွားမှတ်တမ်းစာပေ၊ စသည်ဖြင့် ရှေ့တွင် အထူးပြုပုဒ်များ တပ်၍ သုံးစွဲခေါ်ဝေါ်ကြသည်။ အထူးသဖြင့် သုတစာပေဆိုသော စကားရပ်ကို စဉ်းစား သင့်ပါသည်။ (စာပေ၏ လုပ်ငန်းတာဝန်သည် သုတကို ပေးရန်မဟုတ်၊ ဟူသော အတွေးအခေါ်၊ သီဝရီများ ရှိပါသည်။ ယင်းတို့ကို အကျယ် မဆွေး နွေးပါ။ နောင်တွင် အလျဉ်းသင့်သလို တင်ပြပါမည်။)ဆိုပါတော့ "မုန့်ဟင်းခါး ချက်နည်း" "ဂါဝန်ချုပ်နည်း" "မော်တော်ကားပြင်နည်း" "ရောင်စုံရုပ်မြင်သံကြား စက်အကြောင်း" "အောင်မြင်သော လုပ်ငန်းရှင်တစ်ယောက်ဖြစ်ရေး" "ဂေါက်သီး ရိုက်နည်းနှင့် ဂေါက်သီးသမိုင်း" "ဘဝအောင်မြင်ရေးသော့ချက်များ" စသည်တို့ ကို တစ်အုပ်တစ်ဖွဲ့ ရေးထားသည့်စာများကို "စာပေ" ဟု ခေါ်နိုင်ပါသလား။ ယင်းတို့သည် သုတကိုပေးသောစာများ၊ ကျေးဇူးရှိသောစာများ၊ အကျိုးပြုသော စာများ ဖြစ်ကြောင်း အငြင်းပွားဖွယ်မရှိ။ သို့သော် စာပေ ခေါ်သင့်– မခေါ်သင့်၊ စာပေစာရင်း ဝင်–မဝင် အလေးအနက် စဉ်းစားသင့်ပါသည်။ ဥပမာထပ်ပေးလို ပါသည်။ ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်း၊ သခင်တင်မြ၏ ဘုံဘဝမှာဖြင့်၊ သိန်းဖေမြင့်၏ စစ်အတွင်းခရီးသည်၊ ဒဂုန်တာရာ၏ ရုပ်ပုံလွှာ၊ ပါရဂူ၏ ပုဂံ၊ မြသန်းတင့်၏ ကျွန်တော်ဆက်ရေးချင်သော ဝတ္ထုများ စသည်တို့ကို "စာပေ" ဟု ဆုံးဖြတ်မည်လား။ ရှေးစာဟောင်းများကို ကြည့်လျှင်လည်း ဦးကုလား၏ မဟာရာဇဝင်ကြီး၊ ကင်းဝန်မင်းကြီး၏ လန်ဒန်သွား နေ့စဉ်မှတ်တမ်း၊ ယောအတွင်း ဝန်၏ ရာဇဓမ္မသင်္ဂဟကျမ်း စသည်တို့ကို "စာပေ" ဟု သတ်မှတ်မည်လား။ အလေးအနက် စဉ်းစားသောအခါ ပြဿနာများ ရှုပ်ထွေးလာပါသည်။ ဒဂုန် တာရာ၏ မေသည် စာပေစာရင်းဝင်ကြောင်း သေချာသည်။ ရုပ်ပုံလွှာသည် စာပေစာရင်းဝင်–မဝင် စဉ်းစားဖို့ ရှိလာပါသည်။ စိန္တကျော်သူ၏ ဓနုဖြူတွင်ချို ရတုသည် စာပေစာရင်းဝင်ကြောင်း သေချာသည်။ ကဝိလက္ခဏာ သတ်ပုံသံ ပေါက်များသည် စာပေစာရင်းဝင်မဝင် စဉ်းစားဖို့ ရှိလာပါသည်။ ဇော်ဂျီ၏ ဗေဒါလမ်းသည် စာပေစာရင်းဝင်သော်လည်း ပလေတိုးနိဒါန်းကို စာပေစာရင်း မဝင်ဟု ပြောလိုက်လျှင် ပြဿနာများစွာ တက်လာနိုင်ပါသည်။ အလားတူပင် ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းလို စာအုပ်မျိုးကို စာပေစာရင်းမဝင်ဟု ပြောလိုက်လျှင် ပြဿနာများစွာ တက်လာနိုင်ပါသည်။ ယခုပုံစံပြခဲ့သမျှ စာအုပ်
mgyoe.com

mgyoe.com
အားလုံးသည် ထိပ်တန်းကျော်ကြားထင်ရှားသောစာအုပ်များ ဖြစ်ပါသည်။ ယင်းတို့အားလုံးကို စာပေဟု (ဝါ) စာပေစာရင်းဝင်သည်ဟု သတ်မှတ်လိုက်လျှင် မဖြစ်ဘူးလားဟု မေးစရာ ဖြစ်လာပါသည်။ အားလုံးက စာပေဟု သတ်မှတ်ထားကြသည်ဟုပြောလျှင် မလွယ်လွန်းဘူးလား။ ယေဘုယျမကျလွန်းဘူးလားဟု ပြန်မေးစရာ ဖြစ်လာပါသည်။ သည်အတိုင်းဆိုလျှင် အမျိုးအစား၊ အကြောင်းအရာ၊ တစ်အုပ်ချင်း၏ သီးခြားသဘာဝ၊ သီးခြားလက္ခဏာများ မရှိတော့သလို (ဝါ) ထည့်သွင်းမစဉ်းစားတော့သလို ဖြစ်နေပါသည်။ ယေဘုယျကျလွန်းခြင်းကို ထည့်သွင်းစဉ်းစားဖို့လည်း လိုအပ်ပါသည်။

"ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်း" ကို စာပေဟု မသတ်မှတ်ခြင်းအတွက် အကြောင်းပြချက်တစ်ခုရှိဖို့ လိုအပ်ပါသည်။ "တစ်သက်တာမှတ်တမ်း" သည် စာငယ်ပေငယ်မဟုတ်၊ စာကြီးပေကြီးစာရင်းဝင် ဖြစ်ပါသည်။ (စာငယ် စာကြီးဟူသော စကားများကို ဆရာဇော်ဂျီ သုံးစွဲခဲ့ပါသည်။) စာကြီးပေကြီး ဖြစ်ပါလျက် အဘယ်ကြောင့် စာပေဟု မသတ်မှတ်သလဲ။ ဘယ်လိုစာမျိုးကိုမှ စာပေဟု သတ်မှတ်မည်လဲ။ စံတစ်ခုရှိဖို့ လိုအပ်လာပါသည်။ စံတစ်ခုသတ်မှတ်ပေးဖို့ လိုအပ်လာပါသည်။

## ၁း၂။ စံ/သတ်မှတ်ချက်

ဘယ်လိုစာမျိုးကမှ စာပေဟု ခေါ်နိုင်မည်၊ ဘယ်လိုအချက်၊ အရည်အချင်း၊ အင်္ဂလက္ခဏာတွေပါမှ စာပေဟုခေါ်နိုင်မည်ဟု ဖော်ပြရပါမည်။ ထိုအချက်၊ အရည်အချင်း၊ အင်္ဂါလက္ခဏာများသည်ပင် "စံ" ဖြစ်ပါသည်။ ဤ "စံ" သည် ဤကျမ်းစာတွင် စာရေးသူ ကျွန်တော် သတ်မှတ်သော "စံ" ဖြစ်၏။ ကျွန်တော် သိသမျှ တတ်သမျှဖြင့် တတ်နိုင်သလောက် ဖြည့်ဆည်းထည့်ဝင်သည်ဟုလည်း နားလည်အပ်ပါသည်။ ကျွန်တော်သတ်မှတ်သော "စံ" တစ်မျိုး၊ တစ်ခုသာရှိသည်။ အခြားတစ်ပါးသော စံများမရှိနိုင်ဟု မဆိုလိုကြောင်း ပြောဖို့လိုအပ်မည် မထင်ပါ။ အခြားသော ပုဂ္ဂိုလ်များအဖို့ အခြားသောစံများဖြင့် သတ်မှတ် ဆုံးဖြတ်နိုင်ပါသည်။ ကျွန်တော် ဘာမှပြောရန်မရှိပါ။ ကျွန်တော့်စံသည် ဤကျမ်း၌ လေ့လာသုံးသပ် ဆွေးနွေးတင်ပြရာတွင်သုံးသော စံဖြစ်သည်ဟု သဘောပေါက်

mgyoe.com
ထားလျှင်ပင် လုံလောက်ပါပြီ။

ကျွန်တော့်သဘောမှာ... တစ်စုံတစ်ခုသော ခံစားမှုကို စိတ်ကူးဉာဏ်ကွန့်မြူး၍ ဘာသာစကားကိုအသုံးပြုကာ ပြန်လည်ဖန်တီးထားသော ရသသဘော လွှမ်းမိုးကဲလွှန်နေသည့် အနုပညာပစ္စည်းဟု ဖွင့်ဆိုသတ်မှတ်လိုပါသည်။ ဤဖွင့်ဆိုသတ် မှတ်ချက်သည်ပင်လျှင် ကျွန်တော်ပြောလိုသော "စာပေ၏စံ" ဖြစ်သည်ဟု မှတ်ယူအပ်သည်။ တစ်နည်းပြောရလျှင် ကျွန်တော်ပြောလိုသော စာပေတွင် ဤသို့သော အခြင်းအရာလက္ခဏာများ ပါရှိသည်။ ထိုအခြင်းအရာလက္ခဏာများဖြင့် စာပေကို သတ်မှတ်သည်။ ထို့ကြောင့် ထိုအခြင်းအရာလက္ခဏာများသည် စာပေ၏ (ကျွန်တော်ပြောလိုသော စာပေ၏) "စံ" ဖြစ်သည်ဟု ကောက်ယူရပါမည်။

## ၁း၃။ စံ/ဖွင့်ဆိုရှင်းလင်းချက်

"စံ" ကို သတ်မှတ်ပြီးပါပြီ (ဝါ) စံသတ်မှတ်ချက်ကို ရပါပြီ။ ယင်းကို ဖွင့်ဆိုရှင်းလင်းဖို့ လိုအပ်ပါသည်။ ကျွန်တော့်သဘောအရ သတ်မှတ်ထားသော "စံ" မှာ ထင်ရှားပေါ်လွင်နေသော အချက်တစ်ချက်ကို ရှေးဦးစွာ တွေ့နိုင်ပါသည်။ ထိုအချက်မှာ "စာပေသည် အနုပညာပစ္စည်းတစ်ခုဖြစ်သည်" ဆိုသော အချက်ဖြစ်သည်။ တစ်ဆင့်ချင်းတက်၍ စဉ်းစားသောအခါ ထို "အနုပညာပစ္စည်း" WORK OF ART သည် "ခံစားမှု" ဖြစ်သည်ဟု သိရပါသည်။ ထိုခံစားမှုဖြစ်သော (ဝါ) တစ်ဖြစ်လဲ အနုပညာပစ္စည်းသည် "ရသသဘော လွှမ်းမိုးကဲလွှန်" နေသော ပစ္စည်းတစ်ခု ဖြစ်နေသည်။ ဆက်၍ စဉ်းစားရာတွင် ထိုပစ္စည်းကို ဖန်တီးပြုလုပ်ရာတွင် "စိတ်ကူးဉာဏ်ကွန့်မြူး" ၍ ဖန်တီးပြုလုပ်သည်။ "ဘာသာစကားကို အသုံးပြု၍" ဖန်တီးပြုလုပ်သည်ဟု ရရှိပါသည်။ မျက်မြင်ရှင်းအောင် ဤသို့ ပြရပါမည်။

စာပေသည် ၁/ အနုပညာပစ္စည်းဖြစ်သည်
၂/ ခံစားမှုကို ပြန်လည်ဖန်တီးထားသည်
၃/ ရသသဘော လွှမ်းမိုးကဲလွန်နေသည်
၄/ စိတ်ကူးဉာဏ်ကွန့်မြူး၍ ဖန်တီးထားသည်

mgyoe.com

mgyoe.com

၅/ ဘာသာစကားကို အသုံးပြုထားသည်။

ဟူသော အချက် ငါးချက်ကို ရနိုင်ပါသည်။

ဤငါးချက်ကို တစ်ချက်ချင်း ထပ်မံရှင်းပါဦးမည်။ သို့သော်လည်း လိုအပ်သလောက်၊ ဤကျမ်းစာအုပ်၏ သဘာဝနှင့် ချိန်ဆ၍သာ ပြောသွားပါမည်။

**၁း၄။ အနုပညာပစ္စည်း**

(ဘာလဲ။ အနုပညာပစ္စည်းဆိုတာ ဘာလဲ။ သမိုင်းတစ်လျှောက်လုံး ဆရာ့ဆရာများ ပညာရှင်အကျော်အမော်များ စဉ်းစားခဲ့ကြပါပြီ။ ပြောခဲ့ကြပါပြီ။ စကားတွေလည်း များခဲ့ကြပါပြီ။ ငြင်းခုံပွဲတွေလည်း မပြီးသေး။ နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ အနုပညာပစ္စည်းဆိုတာ (ဝါ) အနုပညာဆိုတာ ဘာလဲဟု ဧကန်ဧက ဘယ်သူမှ မပြောကြတော့ပါ။ မိမိတို့ လုပ်ကိုင်ဆောင်ရွက်သည့် လေ့လာမှုလုပ်ငန်း၊ သုတေသနလုပ်ငန်း၊ ဝေဖန်ရေးလုပ်ငန်းများအတွင်းမှာပင် သီးခြားကန့်သတ်၍သာ ပြောကြပါတော့သည်။ ဤနေရာတွင် ဤသို့သတ်မှတ်သည်။ ဤစာအုပ်အတွက် ဤသို့ သတ်မှတ်သည် စသည်ဖြင့် သတ်မှတ်ချက်များကို ကန့်သတ်ပြောဆိုလာကြပါသည်။ ဤသို့ သမုတိသဘော (RELATI- VEသဘော)ဖြင့်ကန့်သတ်ပြောဆိုသောကြောင့် ပို၍အလုပ်ဖြစ်သည်။ အကျိုးရှိ သည်ဟု လက်တွေ့အားဖြင့် သိမြင်လာကြပါသည်။ ဆရာစဉ်သမားစဉ် ထိုသို့ သဘောထားရှိခဲ့မှတော့ ကျွန်တော်လို ဝေဖန်ရေးတောကြို့အုံကြားမှ ပါမွှားတစ်ယောက်အဖို့ ဝေဖန်ရေးတောင်ထိပ်မှ ပုဂ္ဂိုလ်များ၏ အစဉ်အလာအတိုင်း လိုက်ဖို့သာရှိပါသည်)

အနုပညာပစ္စည်းဟုဆိုရာတွင် စာပေကိုသာ ကန့်သတ်ပြောဆိုနေသောကြောင့် စာပေအနုပညာ၊ စာပေအနုပညာပစ္စည်းဟူ၍သာ နားလည်အပ်သည်။ အခြားသော အနုပညာများအကြောင်း၊ အနုပညာပစ္စည်းများအကြောင်းကို လိုအပ်မှ ကိုးကားသွယ်ဝိုက်ဖော်ပြသွားမည်။ စာပေကို လက်ရင်းထားသည်ဟုသာ ပြောလိုပါသည်။ အင်္ဂလိပ်ဝေါဟာရ (LITERATURE)ကို "စာပေ" ဟု ယေဘုယျသဘော အများ လက်ခံထားကြပါသည်။ တကယ်ရေဆုံးရေဖျားလိုက်၍ လက်ကုန်နှိုက်၍ ပြောကြစတမ်းဆိုလျှင် ထိုဝေါဟာရနှင့် မလုံလောက်တော့ပါ။

mgyoe.com

mgyoe.com
(LI-TERARY ART)ဆိုသော ဝေါဟာရကို သုံးရပါမည်။ ကျွန်တော်တို့ စကားအဖြစ် စာပေအနုပညာဟု နားလည်အပ်သည်။ ရှေ့တွင် ပြခဲ့သော ပုံစံများကို ပြန်ကြည့်လျှင် ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းသည် စာကြီးပေကြီးဖြစ်၏။

မိမိတို့သတ်မှတ်ချက်နှင့် မိမိ စာပေစာရင်းသွင်းချင်လည်း သွင်းပါ။ သို့သော် ကျွန်တော့်စံ သတ်မှတ်ချက်အရ စာပေအနုပညာ၊ စာပေအနုပညာပစ္စည်း မဟုတ်ပါ။ ဇော်ဂျီ၏ ပလေတိုနိဒါန်းသည် ကျွန်တော့်စံသတ်မှတ်ချက်အရ စာပေအနုပညာ၊ စာပေအနုပညာပစ္စည်း မဟုတ်ပါ။ သိန်းဖေမြင့်၏ ဝိသေသတိုင်းသမိုင်းအစ၊ သခင်တင်မြ၏ ဘုံဘဝမှာဖြင့်၊ ဗန်းမော်တင်အောင်၏ အိန္ဒိစတိန်းနှင့် သူ့ဓမ္မတရား၊ အောင်လင်း၏ အနုပဋိလောမအဖွင့်၊ ပါရဂူ၏ပုဂံ၊ ဒေါက်တာသန်းထွန်း၏ အရင်ဧကရာဇ် အခုလူ၊ နန္ဒာသိန်းဇံ၏ ဘဝသစ္စာနှင့် ဘဝအဓိပ္ပာယ် စသည်တို့သည် စာပေအနုပညာစာရင်း မဝင်ပါ။ နောင်တွင် အကျယ်ပြောပါဦးမည်။ ထို့ကြောင့် ဤကျမ်းတွင် စာပေနှင့် စာပေအနုပညာ၊ စာပေအနုပညာပစ္စည်း (WORK OF LITERARY ART)တို့ကို သဘောတူထား သုံးစွဲကြောင်း နားလည်အပ်ပါသည်။

## ၁း၅။ စာပေအနုပညာပစ္စည်း

စာရေးဆရာ အနုပညာသမားက တစ်စုံတစ်ခုသော အကြောင်းကြောင့် သူ့တွင်ဖြစ်ပေါ်သော ခံစားမှုကို ပြန်လည်ထုတ်ဖော်ရန်အတွက် ဖန်တီးရေးသားလိုက်သောစာကို စာပေအနုပညာပစ္စည်းဟု ခေါ်ဆိုရပါမည်။ သို့မဟုတ် စာပေဟု ခေါ်ဆိုရပါမည်။ ထိုအနုပညာပစ္စည်းတွင် ရသသဘော လွှမ်းမိုးကဲလွန်နေသည်ဟု အသေအချာ ဆိုအပ်ပါသည်။ ရသသဘော အားကြီးနေသည်၊ အားကောင်းနေသည်။ ပေါ်လွင်ထင်ရှားနေသည်ဟုလည်း နားလည်အပ်သည်။ ရသသဘော လွှမ်းမိုးကဲလွန်မှုသည် အရေးအကြီးဆုံးဟု ဆိုချင်ပါသည်။

mgyoe.com

mgyoe.com

**၁း၆။ ခံစားမှု**

အနုပညာသမား (စာရေးဆရာ၊ ကဗျာဆရာ၊ ဝတ္ထုဆရာ စသည်) တွင် တစ်စုံတစ်ခုသော ခံစားမှု ဖြစ်သည်။ ရုပ်သုံးရွာသုံးစကားဖြင့်ပြောလျှင် ရင်ထဲမှာ၊ စိတ်ထဲမှာ ဝမ်းနည်းဝမ်းသာ စသော ခံစားမှုများ ဖြစ်သည်။ "စသော" ဆိုသော စကားရပ်အရ၊ အခြားသောခံစားမှုများ ရှိနိုင်ပါသည်။ သို့သော် အဓိက အားဖြင့် ဝမ်းနည်း/ဝမ်းသာ ခံစားမှုနှစ်ခုသည် အားကောင်းသည်၊ ပေါ်လွင်သည်၊ ထင်ရှားသည်။ ထို့ကြောင့် ထိုနှစ်ခုကို မူတည်ပြောရပါသည်။ ဒေါသဖြစ်ခြင်း၊ မုန်းတီးခြင်း၊ ရွံရှာစက်ဆုပ်ခြင်း စသည့် ပြင်းထန်သော ခံစားမှုများလည်း ရှိနိုင်ပါသေးသည်။ ကျွန်တော်တို့ ကျမ်းရိုးအလင်္ကာမှာ ပါရှိသော ရသကိုးပါးကို ပစ်ပယ်၍ မရသေး ပါ။ ယင်းတို့နှင့် ချိန်ထိုးစဉ်းစားနိုင်ပါသည်။ ကျေးဇူးရှင် ဆရာဇော်ဂျီ၏ ဘဝအလွမ်း/အသော သီဝရီများကိုလည်း နှိုင်းယှဉ်ကြည့်သင့်ကြောင်း တိုက်တွန်းခဲ့ ပါသည်။ ကျွန်တော်တို့ နားယဉ်နေသော စကားတစ်လုံး ရှိသည်။ ဝေဒနာဆိုသော စကားလုံးဖြစ်သည်။ ယင်းစကားလုံးသည်လည်း အထွေထွေစာဖတ် ပရိသတ်အဖို့ အသုံးတည့်သောစကားလုံး ဖြစ်ပါလိမ့်မည်။ ဝမ်းသာ/ဝမ်းနည်း၊ ပျော်ရွှင်/စိတ်ညစ် စသော ဝေဒနာများဟုပြောလျှင် လုံလောက်ပြီထင်ပါသည်။ ထိုဝေဒနာများကိုပင် ခံစားမှုနှင့် ထပ်တူထား၍ ဤကျမ်းတွင် သုံးပါသည်။ အနုပညာသမားသည် သူ့ရင်ထဲက၊ စိတ်ထဲက သူခံစားရသော ခံစားမှု/ဝေဒနာကို ပြန်လည်ထုတ်ဖော်သည်ဟု ဆိုခဲ့ပါသည်။ ရင်ထဲက ဝေဒနာခံစားမှုကို ဖြစ်ပေါ်လျှင် ဖြစ်ပေါ်သည့်အတိုင်းထားလျှင် အခြေအနေက တစ်မျိုးဖြစ်လိမ့်မည်။ အနုပညာပစ္စည်းအဖြစ် ရောက်ရှိလာစရာ အကြောင်းမရှိပါ။ ရင်ထဲက ဝေဒနာကို သည်အတိုင်းမထားဘဲ ထုတ်ဖော်ပြလိုက်သည်။ မိမိမှတစ်ပါး အခြားသူသိစေလိုသော (ဝါ) သူခံစားသလို ခံစားစေချင်သော (ဝါ) မျှဝေခံစားစေလိုသော သဘောရည်ရွယ်ချက် ရှိချင်ရှိမည်။ ရှိချင်မှရှိမည်။ အသေအချာ ပြောဆိုဆုံးဖြတ်၍ မရပါ။ ထိုသို့ ပြန်လည်ထုတ်ဖော်လိုက်သောကြောင့် အနုပညာပစ္စည်းဟူ၍ ဖြစ်လာရသည်။

mgyoe.com

mgyoe.com

## ၁း၇။ ရသသဘော လွှမ်းမိုးကဲလွှန်ခြင်း

အရေးအကြီးဆုံးအပိုင်းဟု သဘောရပါသည်။ ရသသဘောကို ရှေးဦးစွာ ပြောရပါမည်။ ကျွန်တော့်ဖွင့်ဆိုသတ်မှတ်ချက်မှာ နှစ်သက်ကြည်နူးမှုပင် ဖြစ်ပါ သည်။ နှစ်သက်ကြည်နူးမှုသည် အချုပ်ပင်ဖြစ်သည်ဟု ကျွန်တော် ဆိုခဲ့ပါ သည်။ လောကဝန်းကျင် ဘဝဝန်းကျင်မှာ တွေ့ရကြုံရသော အကြောင်းခြင်းရာ၊ အဖြစ်အပျက်အခြေအနေများကိုခံစားရသူမှာ အနုပညာသမားဖြစ်၏။ အနုပညာ ပရိသတ်(စာဖတ်သူ)က အနုပညာသမား ပြန်လည်ဖော်ပြသောခံစားမှုကို တစ်ဆင့် လက်ခံရရှိသည်။ သူသည် တိုက်ရိုက်ကြုံတွေ့ခံစားရသူမဟုတ်။ တစ်ဆင့်ခံ လက်ဝေခံ ဖြစ်သည်။ ထိုအချက်ကို သတိမူရပါမည်။ (ဤအပိုင်းသည် လွန်စွာ ရှုပ်ထွေးခက်ခဲသောအပိုင်း ဖြစ်ပါသည်။ လိုအပ်သလောက် တရားကိုယ် သဘော အကျဉ်းကိုသာ တင်ပြနေသည်ဟု နားလည်ထားသင့်ပါသည်။ ဤနားလည်မှုကို တစ်လျှောက်လုံး ထားရှိအပ်သည်။ ဤသို့ နားလည်ပါဟု မတောင်းဆိုလိုသော် လည်း ဤသို့နားလည်သင့်သည်ဟု အကြံတော့ပြုလိုသည်။) စကားပမာ အနုပညာသမားသည် လွန်စွာကြေကွဲဝမ်းနည်းဖွယ်ရာ အကြောင်းခြင်းရာတစ်ရပ် ကို ကြုံတွေ့လိုက်ရသည်ဆိုပါစို့။ သူ့တွင် အလွန်ထိခိုက်ကြေကွဲသော ဝေဒနာ/ ခံစားမှု ဖြစ်ပေါ်လိမ့်မည်။ ထိုဝေဒနာခံစားမှုကို သူက အနုပညာပစ္စည်း (ကဗျာ ဆိုပါတော့)အဖြစ် ဖန်တီးလိုက်သည်။ ပရိသတ် (ကဗျာဖတ်သူ)က ထိုကဗျာကို ဖတ်သည်။ ဖတ်ရသောအခါ ဖတ်သူမှာ တစ်စုံတစ်ခုသော ဝေဒနာခံစားမှု ဖြစ် သည်။ ထိုဝေဒနာခံစားမှုသည် မူလကာယကံရှင် ကဗျာဆရာခံစားရသော ခံစား မှုလား (ဝါ) ခံစားမှုမျိုးလား။ မူလကဗျာဆရာက သူခံစားရသလို ခံစားစေချင် သောကြောင့် ရေးလိုက်သည်ပဲထားတော့ ထိုသို့ သူခံစားစေချင်သောအတိုင်း ဖတ်သူခံစားရရဲ့လား။

နားရှင်းအောင် ဤသို့ လွယ်လွယ် ပြချင်ပါသည်။ ကဗျာဆရာတစ်ယောက် အလွန်လွမ်းနေသည်။ ထိုခံစားမှုကို သူကဗျာဖြင့် ပြန်လည်ထုတ်ဖော်၏။ ကဗျာ ဖတ်သူက ထိုကဗျာကို ဖတ်သည်။ ကဗျာဆရာ၏ ခံစားမှု(အလွမ်း)သည် ကဗျာဖတ်သူထံသို့ ကူးစက်ရောက်ရှိသွားမည်။ (ဝါ) ကဗျာဖတ်သူပါ လွမ်း၍ သွားသည်ဟု သာမန် တွေးယူနိုင်ပါသည်။ သို့သော် ကဗျာဆရာနှင့် ထပ်တူ

mgyoe.com

mgyoe.com

ထပ်မျှ ကဗျာဆရာလွှမ်းသကဲ့သို့ ဖတ်သူလွှမ်း–မလွှမ်းမသေချာပါ။ ရုပ်ဝတ္ထုပစ္စည်း တစ်ခုခုကို ပေးလိုက်သလို လက်ခံရရှိသွားသည်ဟု မဆိုသာပါ။ ဆိုပါတော့ ကဗျာဆရာက ကဗျာဖတ်သူကို ဘောပင်တစ်ချောင်း ပေးလိုက်သည်။ ကဗျာဖတ်သူသည် ကဗျာဆရာထံမှ ဘောပင်တစ်ချောင်း အသေအချာ ရရှိလိုက်သည်။ ကဗျာတစ်ပုဒ်ပေးဖတ်သောကိစ္စမှာ ထိုသို့ သဘောထား၍မရ။ ကဗျာဆရာ၏ ခံစားမှုအတိုင်း (ဝါ) ကဗျာဆရာ ခံစားရသလို ကဗျာဖတ်သူ ခံစားချင်မှ ခံစားရပေလိမ့်မည်။ သို့သော် တစ်ခု သေချာသည်မှာ ထိုကဗျာဖတ်လိုက်ရသောကြောင့် ဖတ်သူတွင် နှစ်သက်ကြည်နူးမှုတစ်ခု ရသွားပါသည်။ ထိုနှစ်သက်ကြည်နူးမှုသည် ကဗျာဆရာရည်ရွယ်သော ခံစားမှု၊ ကဗျာဆရာကိုယ်တိုင် ခံစားရသော ခံစားမှု ဖြစ်ချင်မှ ဖြစ်ပါမည်။ ကျွန်တော်တို့ "ကျမ်းရိုးအလင်္ကာ"မှ ရသကိုးပါးနှင့်ပင် ပြန်လည်နှိုင်းယှဉ် စဉ်းစားကြည့်နိုင်ပါသည်။ ကဗျာဆရာက လွန်စွာထိခိုက်ကြေကွဲဖွယ်ရာ ကိစ္စတစ်ခုကို ကဗျာရေးသည် ဆိုပါစို့။ ထိုကဗျာကို ကဗျာဖတ်သူက ဖတ်လိုက်သောအခါ သူကိုယ်တိုင် စိတ်ထိခိုက်ကြေကွဲဝမ်းနည်းချင်မှ ဝမ်းနည်းမည်။ (ဝမ်းနည်းချင်လည်း ဝမ်းနည်းမည်) ကဗျာဆရာက ထိခိုက်ကြေကွဲ ဖွယ်ရာကို ရေးသားဖွဲ့ဆိုထားပုံကို ဖတ်ရှုအရသာခံ၍ သဘောကျနှစ်ခြိုက်သွား သည်။ ထိုအခါ နှစ်သက်ကြည်နူးမှုကို ရလိုက်သည်။ အထက်တစ်နေရာတွင် နှစ်သက်ကြည်နူးမှုသည် အချုပ်ပင်ဖြစ်သည်ဟု ကျွန်တော်ဆိုခဲ့ပါသည်။ ကျွန်တော် ဖွင့်ဆိုသတ်မှတ်ချက်မှာ "နှစ်သက်ကြည်နူးမှု" ပင် ဖြစ်သည်ဟုလည်း ဆိုခဲ့ပါ သည်။ ထို့ကြောင့် ရသသဘော လွှမ်းမိုးလွန်ကဲခြင်းသည် နှစ်သက်ကြည်နူးမှုကို ပေးခြင်းဖြစ်သည်။ စာပေအနုပညာပစ္စည်း တစ်ခုသည် ဖတ်သူပရိသတ်ကို နှစ် သက်ကြည်နူးမှု ကောင်းစွာပေးနိုင်ရမည်ဟု နားလည်အပ်ပါသည်။ (ဤတွင် ခြွင်းချက်များ၊ စောဒကတက်စရာများ ရှိပါသည်။ သို့သော်လည်း ယင်းတို့ကို ချန်လှပ်၍ အခြေခံအားဖြင့် ဤသို့ရှိသည်ဟုသာ တင်ပြခဲ့ပါသည်)

**၁း၈။ စိတ်ကူးဉာဏ်ကွန့်မြူးဖန်တီးခြင်း**

ကျွန်တော်တို့ဘာသာစကားမှာ စိတ်ကူး၊ စိတ်ကူးယဉ်၊ စိတ်ကူးယဉ်

mgyoe.com

mgyoe.com
သည်ဟူသော အသုံးများရှိပါသည်။ ယနေ့ခေတ် "ပို့စ်မော်ဒန်" များ ကျယ်လောင်စွာ ပြောဆိုကြသလို ဘာသာစကားဟူသည် ဘယ်အခါမှ မတိကျ၊ မရေရာပါ။ ဤနေရာမှာလည်း စိတ်ကူးနှင့် စိတ်ကူးယဉ် တူသလား၊ စိတ်ကူးဉာဏ်ကွန့်မြူးခြင်း တူသလား စဉ်းစားရပါမည်။ ကျွန်တော့်သဘောမှာ ရိုးရိုးစိတ်ကူးခြင်းနှင့် စိတ်ကူး ယဉ်ခြင်း မတူပါ။ စိတ်ကူးယဉ်ခြင်းတွင် တကယ်မဟုတ်သော သဘော/ FICTION ပါဝင်ပါသည်။ "ကွန့်မြူး" ဆိုသော စကားရပ်မှာလည်း စိတ်ကူးယဉ်ခြင်းပင် ဖြစ်ပါသည်။ အင်္ဂလိပ်ဝေါဟာရမှာ IMAGINE ဟူ၍ရှိပါသည်။ IMAGINATIVE LITERATURE ဟူ၍လည်းရှိပါသည်။ စိတ်ကူးယဉ်စာပေဟု ခေါ်ရမည်ဖြစ်၏။ စင်စစ် စာပေမှာ စိတ်ကူးဖြင့်ရေးရသော သဘော၊ တကယ်အစစ်အမှန်မဟုတ်သော သဘောတို့ ပါဝင်နေပြီးဖြစ်သည်ဟု ရှေးဦးစွာ နားလည်ထားဖို့ လိုအပ်သည်။ "တကယ်မဟုတ်" ဟုဆိုရာတွင် မဖြစ်နိုင်သော အကြောင်းခြင်းရာများ၊ မရှိသော အကြောင်းခြင်းရာများကို ပြောခြင်းမဟုတ်။ ဖြစ်နိုင်သည် ရှိနိုင်သည် ဆိုစေကာမူ ယင်းအကြောင်းခြင်းရာတို့သည် တကယ်မဖြစ်ကြ။ တကယ်မရှိကြဟု နားလည်အပ်ပါသည်။ သရုပ်မှန်စာပေ REALISTIC LITERATURE ပင်ဖြစ်စေကာမူ ယင်းတို့သည် စာပေအဖြစ် ကူးပြောင်းလာသောအခါ (ဝါ)စာပေထဲတွင် တကယ်မဟုတ်ကြ၊ တကယ်မဖြစ်ကြ။ တကယ်မရှိကြဟုလည်း ဆင်ခြင်ကြည့်သင့်သည်။ စကားကုန်အောင် ပြောရလျှင် တကယ့် ဒိဋ္ဌဓမ္မ လောကမှာ တကယ်ရှိ၊ တကယ်ဖြစ်၊ တကယ်တွေ့ကြုံရသော အကြောင်းခြင်းရာတို့ကို အရှိအတိုင်း၊ အဖြစ်အတိုင်း တွေ့ကြုံရသည့်အတိုင်း ပြန်ရေးပြ သည့်တိုင်အောင် ဘာသာစကား၏ သဘာဝအရ တင်စားချက်များ အလင်္ကာများ ဖြင့် စိတ်ကူးဉာဏ်ကွန့်မြူး၍ ချဲ့ထွင်၍ ရေးဖွဲ့ရသည်ဟု မှတ်ယူသင့်ပါသည်။ ထို့ကြောင့် စာပေအနုပညာ ပစ္စည်းတစ်ခုသည် စိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးဖွဲ့ရ သည်ဟု ဆိုခဲ့ပါသည်။

## ၁း၉။ ဘာသာစကားအသုံးပြုခြင်း

ဘာသာစကားနှင့်ပတ်သက်၍ ရှေးဆရာများ အကျယ်အပွား ပြောဆိုတင်ပြခဲ့ကြပါသည်။ စာပေအနုပညာမှာ ဘာသာစကားသည် ပြောမကုန်လောက်အောင်
mgyoe.com

mgyoe.com
ကျယ်ပြန့်သော နယ်ပယ်လည်း ဖြစ်ပါသည်။ အထူးသဖြင့် (၂၀) ရာစုနှစ်နောက်ပိုင်း (ဝါ) အကုန်ပိုင်းတွင် စာပေအနုပညာလေ့လာမှု၊ ဝေဖန်ရေးတို့တွင် ဘာသာစကားကို ရှေ့တန်းတင်၍လာကြပါသည်။ ဘာသာဗေဒ LINGUISTCS ထွန်းကားလာသည်နှင့်အမျှ နောက်ပိုင်း ဘာသာဗေဒပညာရှင်များ စာပေအနုပညာ ဘာသာစကားကို စိတ်ဝင်စားဖွယ် လေ့လာဖော်ထုတ်လာကြပါသည်။ (စောစောပိုင်းက ပညာရှင်များ စာပေအနုပညာ ဘာသာစကားကို သိပ်အလေးမပေးကြပါ။) ဘာသာစကား ဦးစားပေးတိမ်းညွတ်သော စာပေလေ့လာမှု/ဝေဖန်ရေး LANGUAGE OREINTED STUDY/ CRITICISM များ ယနေ့ ယခု ထွန်းကားနေပါသည်။ ယင်းတို့အထိ ပေါက်ရောက်အောင် ဤအခြေခံကျမ်းက သွားမည် မဟုတ်ပါ။ စာပေအနုပညာပစ္စည်းသည် ဘာသာစကားကို ကြားခံ MEDIUM အဖြစ် အသုံးပြုရေးဖွဲ့သည်ဟူသော အဆိုတွင်သာ ရပ်တန့်ထားပါမည်။

(အထူးသဖြင့် မော်ဒန်နှင့် ပို့စ်မော်ဒန်/ MODERN POST MODERN စာပေများမှ ဘာသာစကားအသုံးများ ဆန်းသစ်တီထွင်မှုများ၊ ပမာအားဖြင့် တန်ပြန်ဘာသာစကား ANTI-LANGUAGE အသုံးတို့ကို မဖော်ပြနိုင်ပါ။)

စကားစဉ်ကို ပြန်ချုပ်လျှင်–

စာပေဆိုသည်မှာ–
၁/ အနုပညာပစ္စည်းဖြစ်သည်။
၂/ ခံစားမှုကို ပြန်လည်ဖန်တီးထားသည်။
၃/ ရသသဘော လွှမ်းမိုးကဲလွန်နေသည်။
၄/ စိတ်ကူးဉာဏ် ကွန့်မြူးဖန်တီးထားသည်။
၅/ ဘာသာစကားကို အသုံးပြုသည်ဟူသော

အချက်(၅)ချက်ဖြင့် စံထားသတ်မှတ်အပ်သောအရာ ဖြစ်သည်ဟု ဆိုခဲ့ပါသည်။

## ၂း၀။ စာပေ/ဖန်တီးခြင်း

စာရေးခြင်း (ဝါ) ဝတ္ထုကဗျာ ရေးသားခြင်းကို ဖန်တီးသည်။ ဖန်တီး၊ ဖန်တီးမှု၊ ဖန်တီးခြင်း CREATE, CREATION ဟူ၍ ခေါ်ဝေါ်သုံးနှုန်းလေ့ရှိပါသည်။ ရေးသား၊ ဖွဲ့နွဲ့၊ သီကုံး၊ ပြုစု စသည့် ကြိယာအဓိပ္ပာယ်များကိုပေါင်း၍ ဖန်တီးဟု ပြောလေ့ရှိပါသည်။ ဖန်တီးမှု၊ ဖန်တီးခြင်းဆိုရာတွင် အသစ်လုပ်
mgyoe.com

mgyoe.com
ခြင်း၊ အရင်ကမရှိဖူးသောအရာကိုလုပ်ခြင်း၊ ဖန်တီးသူကိုယ်တိုင် လုပ်ခြင်းဟူသော သဘောများ ပါဝင်ပါသည်။ အနုပညာသမား၏ အလုပ်သည် ဖန်တီးခြင်းဖြစ်၏။ အနုပညာသမားကို ဖန်တီးသူဟု ခေါ်ဆိုကြသည်။ အနုပညာပစ္စည်းတစ်ခုကို အနုပညာ သမားက ဖန်တီးသည်ဆိုရာတွင်လည်း သူကိုယ်တိုင် ဖန်တီးသည်။ သူမှတစ်ပါး အခြား ဘယ်သူဘယ်ဝါမှ ဖန်တီး၍မရဟု အဓိပ္ပာယ်ပေါက်သင့်သည်။ ထို့ပြင် အနုပညာပစ္စည်းတစ်ခုကို တစ်ကြိမ်သာ ဖန်တီး၍ရသည်။ နောက်တစ်ကြိမ် ထပ်ဖန်တီး၍မရဟုလည်း နားလည်အပ်ပါသည်။ ပမာအားဖြင့် ပျဉ်းမငုတ်တိုဆိုသော ကဗျာသည် မြန်မာစာပေလောကမှာ တစ်ပုဒ်တည်းသာ ရှိသည်။ တစ်ကြိမ်သာ စပ်၍ထားသည် (ဝါ) စပ်၍ရသည်။

နောက်ထပ်တစ်ယောက်က ရေး၍မရ။ ရေးလျှင်လည်း အခြားကဗျာတစ်ပုဒ်သာ ဖြစ်လိမ့်မည်ဟု စဉ်းစားကြည့်ရန်ရှိပါသည်။ အလားတူပင် (သိန်းဖေမြင့်၏ ငွေစိန်လှေလှော်ရင်း တက်ကျိုးခြင်း) ဝတ္ထုတို၊ (ဒဂုန်တာရာ၏ လောကအမွှန်) ကဗျာ၊ (ဒေါင်းနွယ်ဆွေ၏ မာန်) ကဗျာ၊ (ကြည်အေး၏ ကေဖွဲ့ဆိုသီ) ဝတ္ထုရှည်တို့သည် တစ်ကြိမ်သာရေး၍ရသည်။ တစ်ပုဒ်တည်းစီသာ ရှိသည်။ နောက်ထပ် မိတ္တူပွား၍မရ။ အခြားတစ်ပါးသူ နောက်ထပ်ရေး၍မရဟု စဉ်းစားဆင်ခြင်ကြည့်နိုင်ပါသည်။ အင်္ဂလိပ်ဝေါဟာရတွင် ORIGINAL / ORIGINAL-ITY ဆိုသော စကားရပ် ရှိပါသည်။ လက်ရင်း၊ မူရင်းဟု အဓိပ္ပာယ် ကောက်သင့်သည်။ အနုပညာသမားကိုယ်တိုင်၊ ကိုယ်ပိုင်ဖန်တီးသည်ဟုလည်း နားလည်အပ်သည်။ (ဤတွင်လည်း နောက်ပိုင်း ပို့စ်မော်ဒန် POSTMODERN များ၊ စိတ်ကူး အဓိကဝါဒီ CONCEPTUALIST များအထိ ပေါက်ရောက်အောင် ဤအခြေခံ ကျမ်းက သွားမည်မဟုတ်ကြောင်း ပြောလိုပါသည်။) စာရေးခြင်းကို ဖန်တီးသည် ဟု ခေါ်ဝေါ်သုံးနှုန်းကြောင်းနှင့် ဖန်တီးခြင်း၏ သဘောအချုပ်မျှသာ တင်ပြခဲ့ပါသည်။

## ၂း၁။ စာပေဖန်တီးခြင်းနှင့် မဖြေနိုင်သေးသော မေးခွန်းများ

လူ့ယဉ်ကျေးမှုသမိုင်းတစ်လျှောက်လုံး လူတို့သည် စာပေအနုပညာများကို ဖန်တီးခဲ့ကြသည်။ ယင်းတို့ကို လေးစားမြတ်နိုး တန်ဖိုးထားကြသည်။ အချို့

mgyoe.com

mgyoe.com

စာပေအနုပညာများသည် အမျိုးသားရေးနှင့် ဘာသာစကားနယ်နိမိတ်များကို ကျော်၍ အားလုံးက လေးစားမြတ်နိုး တန်ဖိုးထားရသောအဆင့်သို့ ရောက်ရှိသွားသည်။ ယေဘုယျပြောရလျှင် စာပေအနုပညာကို အားလုံးက လူမျိုးတိုင်း တိုင်းပြည်တိုင်းက လူတိုင်းက လေးစားမြတ်နိုး တန်ဖိုးထားကြပါသည်။ စာပေအနုပညာအကြောင်း တွေးခေါ်စဉ်းစားကြရာတွင် ခက်ခဲရှုပ်ထွေးသော ပြဿနာပေါင်း မြောက်မြားစွာ ရှိသည်။ မေးခွန်းပေါင်းမြောက်မြားစွာ ပေါ်ထွက်လာတတ်ပါသည်။ ယင်းတို့အနက် အလွန်ရှုပ်ထွေး၍ အလွန်အမေးများသော မေးခွန်းမှာ... စာပေအနုပညာတစ်ရပ် မည်သို့ ဖြစ်ပေါ်တည်ရှိလာသလဲ... ဟူသော မေးခွန်းဖြစ်ပါသည်။ စကားလွယ်လွယ်ပြောရလျှင် စာပေဆိုတာ ဘယ်လိုဖြစ်လာသလဲ... ဟု ပြော၍ရပါသည်။ ဤမေးခွန်းသည် စာပေဆိုတာ ဘာလဲဟူသော မေးခွန်းနှင့် မတူပါ။ ဆက်စပ်၍တော့ နေပါသည်။ ဘာလဲ မေးခွန်းမျိုးမဟုတ်၊ ဘယ်လိုမေးခွန်းဖြစ်ကြောင်း သတိပြုရပါမည်။ သဘာဝတရားကြီး၏ ဖြစ်ပျက်ပြောင်းလဲ လှုပ်ရှားမှုများကို အဖြေရှာ၍ ရတတ်ပါသည်။ ရာသီတွေရွှေ့ပြောင်းခြင်း၊ ဒီရေ တက်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ပန်းများပွင့်ခြင်း စသည်တို့နှင့် မတူပါ။ အတတ်နိုင်ဆုံး အဖြေရှာသော် အကြောင်းရင်း၊ အကြောင်းခံအဖြစ် လူကို တွေ့ရ ပါသည်။ ဖန်တီးသူ၊ ကာယကံရှင်လူသားကို အကြောင်းခံသည်။ အကြောင်းရင်း ပြုသည်။ လူသားကြောင့် ဖြစ်ပေါ်ရသည်ဟု စဉ်းစား၍ရပါသည်။ လူကို ဗဟိုပြု၍ စဉ်းစားသည်နှင့် ပေါ်လာသော မေးခွန်းမှာ လူသည် ဘာကြောင့် (ဘာကြောင့်) စာပေအနုပညာကို ဖန်တီးသလဲ။ အလွယ်ပြောလျှင် လူ ဘာကြောင့် စာ(ကဗျာ/ဝတ္ထု) တွေရေးသလဲဆိုသော မေးခွန်းဖြစ်ပါသည်။ ဘာကြောင့် မေးခွန်းဖြစ်နေကြောင်း တွေ့ရပါသည်။ စင်စစ် စာပေအနုပညာဆိုတာ ဘာလဲ၊ စာပေအနုပညာတွေ ဘယ်လိုဖြစ်လာသလဲ။ လူတွေ ဘာကြောင့် စာပေအနုပညာ ဖန်တီးကြသလဲ ဆိုသော မေးခွန်းသုံးခုသည် သီးခြားဖြစ်သော်လည်း အားလုံး ဆက်စပ်နေပါသည်။ တစ်ခုကိုဖြေဖို့ကြိုးစားလျှင် နောက်တစ်ခု ထပ်ဖြေရသည်။ ဤသို့ ဆက်စပ်နေသော သဘာဝကို ဆင်ခြင်ကြည့်သင့်ပါသည်။ ဤမေးခွန်း သုံးခုအနက် ဘာလဲ မေးခွန်း၏ အဖြေအချုပ်ကို အထက်တွင် ဖော်ပြခဲ့ပါသည်။ ယခု ဆက်၍ ဘာကြောင့်/ ဘယ်လိုဟူသော မေးခွန်းကို တင်ပြပါမည်။

mgyoe.com

mgyoe.com

## ၂း၂။ ဘာ့ကြောင့် စာပေအနုပညာ ဖန်တီးသလဲ

မဆိုင်းမတွ အဖြေပေးရလျှင် မသိပါ။ မသိပါဟူသော အဖြေကိုပင် ပေးရပါမည်။ အချိန်ယူ အပြန်ပြန်အလှန်လှန် စဉ်းစားတွေးခေါ်ပြီးမှ အဖြေပေးရလျှင်လည်း မသိပါဟူသော အဖြေကိုပင် ပေးရပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ မသိကြသောကြောင့် ဖြစ်ပါသည်။ လူ့ယဉ်ကျေးမှုသမိုင်း တစ်လျှောက် လုံး ထိုမေးခွန်းကို မေးခဲ့ကြပါသည်။ ဖြေလည်း ဖြေခဲ့ကြပါသည်။ အထူးသဖြင့် စာပေအနုပညာကို စနစ်တကျ တွေးတောကြံစည် တင်ပြခဲ့သော ပုဂ္ဂိုလ်များရှိခဲ့ရာ အတော်စောသော အဦးအစ အထင်ကရပုဂ္ဂိုလ်ကြီး ပလေတို/ PLATO (427-347 BC)ကစ၍ ယနေ့ထက်တိုင်အောင် ပညာရှင်ကြီးများ တွေးခေါ်ကြံဆ စဉ်း စားခဲ့ကြပါသည်။ ကျွန်တော်တစ်ယောက်သဘော ပြောရလျှင် ယနေ့အထိ ပြီးပြည့်စုံသောအဖြေ မရသေးပါ။ (ဝါ) မဖြေနိုင်ကြသေးပါ။ (ဝါ)ကျေနပ်လောက်အောင် ပြည့်စုံသောအဖြေကို မရကြသေးပါ။ ကမ္ဘာ့ယဉ်ကျေးမှု အတွေးအခေါ်လောကတွင် ခေတ်အဆက်ဆက် ထိပ်တန်းပညာရှင်ကြီးများ ပေးခဲ့ကြသော အဖြေများသည် တစ်ချိန်တစ်ခါမှာ တစ်မျိုးစီ မှန်နေကြသော်လည်း တစ်ခုတည်းသော အဖြေကိုရဖို့မလွယ်။ စောဒကတက်စရာ ဟာကွက် ပျောက်ကွက်တွေ ရှိနေပါသည်။

လူတွေ ဘာကြောင့် စာပေအနုပညာ ဖန်တီးသလဲဆိုသော မေးခွန်းကို ဖြေခဲ့ကြသည်မှာ မှန်ပါသည်။ အဖြေများလည်း အစိတ်အပိုင်းအားဖြင့် မှန်ပါသည်။ သို့သော် အလုံးစုံ ပြည့်စုံစွာ မမှန်ကြသေးပါ။ ထို့ကြောင့် ထိုမေးခွန်းကို "မဖြေနိုင်သေးသော မေးခွန်း" ဟု ယေဘုယျချကာ ကျွန်တော် ခေါ်ဆိုခဲ့ပါသည်။

## ၂း၃။ ဘယ်လိုဖြစ်ပေါ်တည်ရှိလာသလဲ/ဖန်တီးမှုအစဉ် CREATIVE PROCESS

အနုပညာပစ္စည်းတစ်ခု ဘယ်လိုဖြစ်ပေါ်တည်ရှိလာသလဲ။ ဖန်တီးမှုအစဉ်/ CREATIVE PROCESS ဟူသော စာပေဝေါဟာရတစ်ရပ်ရှိသည်။ ဆိုပါတော့။ ကဗျာတစ်ပုဒ်တည်းဟူသော အနုပညာပစ္စည်းတစ်ခု ဘယ်လိုဖြစ်ပေါ်တည်ရှိ

mgyoe.com

mgyoe.com

လာသလဲ။ ဖန်တီးရှင်လူသား/ ကဗျာဆရာကို သိရပြီထားတော့။ ထိုကဗျာဆရာ ဘာကြောင့် ကဗျာရေးရသလဲ။ ဘာကြောင့် ဖန်တီးရသလဲ အကြောင်းရင်းကို ချန်လှပ်ခဲ့တော့။ ဘယ်လိုဖန်တီးသလဲဟု စဉ်းစားကြမည်။ ပထမဆုံး ရေးစရာ အကြောင်းအရာ/ SUBJECT MATTERဆိုတာတော့ ရှိရဦးမည်။ ထိုအကြောင်း အရာ သူဘယ်လိုရသလဲ။ မျက်မြင်ဒိဋ္ဌ ကြုံတွေ့ရတာလား။ စိတ်ကူးပြီး ယူ တာလား။ အကြောင်းခြင်းရာ၊ အဖြစ်အပျက်၊ အခြေအနေ၊ သဘောတစ်ခုခုတော့ ရှိရမည်။ ထိုတစ်ခုခုကို လက်တွေ့မြင်၊ ကြား၊ ထိ၊ တွေ့ကြုံကြိုက်တာလား။ စိတ်ကူးယူတာလား။ ကျွန်တော်တို့ မသိပါ။ ကာယကံရှင်ကိုယ်တိုင် သိချင်သိ မည်။ သူပြန်ပြောပြသည်ကို ကျွန်တော်တို့ တစ်ဆင့်ခံသိမည်။ သိပြီ ထားတော့။ ထိုအကြောင်းခြင်းရာများကို တွေ့ကြုံရရုံနှင့် တွေ့ကြုံကာမတ္တနှင့် ကိစ္စပြီးမသွား ပါ။ အနုပညာအတွေးအခေါ်လောကမှာ လွန်စွာ အသုံးများသော၊ လွန်စွာ လူသိ များထင်ရှားသော ဝေါဟာရတစ်ခု ရှိပါသည်။ ခံစားမှုပင် ဖြစ်ပါသည်။ အနု ပညာသမား လူသားတွေ့ကြုံရသော အကြောင်းခြင်းရာ၊ အဖြစ်အပျက်၊ အခြေ အနေ သဘောတစ်ခုခုကြောင့် သူ့မှာ ခံစားမှု ဖြစ်ပေါ်ရသည်။

ဤတွင် ကြားဖြတ်အစီရင်ခံစရာ ရှိပါသည်။ ခံစားမှုက FEELING ဟူ၍ လည်းကောင်း၊ EMOTION ဟူ၍လည်းကောင်း အလှယ်လှယ်သုံးစွဲကြပါသည်။ ကျွန်တော့်သဘောကို ပြောပါမည်။ ကျွန်တော့်သဘောဆိုသည်မှာ ဤကျမ်းတွင် ကျွန်တော်သတ်မှတ်သုံးစွဲထားခြင်းကို ဆိုလိုပါသည်။ ကျွန်တော့်သတ်မှတ်ချက် ဟု ထပ်ပြောပါရစေ။ FEELING ကို သာမန်ခံစားမှုဟု ကျွန်တော် သတ်မှတ်ပါ သည်။ EMOTIONဆိုသည်မှာ ခံစားမှုမည်ကာမတ္တမဟုတ်၊ ခံစားရုံသက်သက် မျှမဟုတ်။ အားကြီးသော ပြင်းထန်သော သိပ်သည်းသောသဘောများ ပါဝင် နေသည်။ FEELING အဆင့်ဖြင့် ဖန်တီးခြင်းသို့ မရောက်နိုင်။ အားကြီးပြင်း ထန်သိပ်သည်းလာသော EMOTION အဆင့် ရောက်မှသာ ဖန်တီးနိုင်သည်ဟု ကျွန်တော် သဘောရပါသည်။ မြန်မာဘာသာ စကား၊ မြန်မာဝေါဟာရအနေနှင့် ကား ထိုနှစ်မျိုးလုံးကို မကွဲမပြား သုံးတတ်ပါသည်။ ခံစား/စံစား ဝေါဟာရနှစ် ရပ်လည်း ရှိပါသေးသည်။ မကောင်းသောအာရုံ အခြင်းအရာကို "ခံစားသည်"၊ ကောင်းသော အာရုံအခြင်းအရာကို "စံစား"သည်ဟု ပြောတတ်ကြပါသည်။

mgyoe.com

ယခုမူ နှစ်မျိုးစလုံးကို ခံစားဟုပင် သုံးနေကြပါပြီ။ ဝေဒနာဟူသော ဝေါဟာရလည်း ရှိပါသေးသည်။ ရုပ်သုံးရွာသုံးတွင် မကောင်းသော အာရုံအခြင်းအရာကို ခံစားသောအခါတွင်မှ "ဝေဒနာ" သုံးသည်။ "အဘိဓမ္မာ ကျမ်းဂန်ကြီး" များမှာ ဝေဒနာ ၅ မျိုး (သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ) ဟူ၍ ပြပါသည်။ ယင်းတို့အားလုံး တပေါင်းတစည်း ပြု၍ ခံစားမှု/ဝေဒနာဟု ကျွန်တော် သုံးနှုန်းသွားပါမည်။

စကားစဉ်ကို ပြန်ဆက်မည်။ ထိုခံစားမှုကို အနုပညာသမားက သူ့အနုပညာဖြင့် ပြန်လည်ထုတ်ဖော်ပြသည်။ EXPRESSION OF EMOTION ဟု ခေါ်သည်။ (မုံရွေးစာအုပ်တိုက်ထုတ် "အနုပညာစံ"ကို ကြည့်ပါ။) သာမန်လူတစ်ယောက် ထုတ်ဖော်ပြသပုံနှင့် အနုပညာသမား ကဗျာဆရာ ထုတ်ဖော်ပြသပုံ မတူပါ။ ပမာဆိုပါတော့ ပျဉ်းမငုတ်တို။ လောကစံကို ကြွံကြွံခံအန်တုခြင်းဟု အားလုံးနားလည်ကြသည်။ ပျဉ်းမငုတ်တိုကြီးကို တကယ်ဒိဋ္ဌစမ္မမြင်၍ ထိုကဗျာဖြစ်လာသည်လား၊ လောကစံတရားအကြောင်း တွေးမိ၍ ပျဉ်းမငုတ်တိုကို ရေးဖွဲ့သည်လား။ ထိုကဗျာထဲမှာ ပါလာသော စကားလုံးတွေ၊ အလင်္ကာတွေ၊ အသံတွေကို ဘယ်လိုစဉ်းစားမိသလဲ။ ဘာ့ကြောင့် ဤနေရာမှာ ဤစကားလုံးကို သုံးသလဲ။ အခြားနိမိတ်ပုံတစ်ခုခုကို ဘာ့ကြောင့် မသုံးသလဲ။ အစရှိသော ကိစ္စများကို ကျွန်တော်တို့ မသိရပါ။ ယင်းကိစ္စများသည် အထက်တွင်ဆိုခဲ့သော ဖန်တီးမှုအစဉ်/ CREATIVE PROCESS အတွင်းမှာ ရှိသည်။ ကဗျာစပ်ဖို့ အာရုံခံစားမှုတစ်ခု စတင်ရရှိသည်မှစ၍ ကဗျာတစ်ပုဒ်လုံး ရေးပြီးသွားသည်အထိကို "ဖန်တီးမှုအစဉ်"ဟု ခေါ်ရပါမည်။

ကျွန်တော်ပြောလိုရင်းမှာ "ဖန်တီးမှုအစဉ်" ကို ကျွန်တော်တို့ မသိနိုင်။ ကဗျာတစ်ပုဒ် "ဘယ်လို" ဖြစ်ပေါ်တည်ရှိလာခဲ့သလဲဟု ကျွန်တော်တို့ မသိနိုင်။ ကဗျာဆရာက "ဘာ့ကြောင့်" ကဗျာရေးသလဲဆိုသောကိစ္စကိုလည်း ရေရေရာရာ မသိနိုင်။ တစ်နည်းဆိုသော် "ဘာ့ကြောင့်/ ဘယ်လို"ဆိုသော မေးခွန်းများကို ကျွန်တော်တို့ မသိ၍ မဖြေဆိုနိုင်ပါ။ ထို့ကြောင့် "မဖြေဆိုနိုင်သေးသော မေးခွန်း" များဟု ဖော်ပြခဲ့ရခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com

## ၂း၄။ အနုပညာဆောင်ရွက်မှု

အနုပညာသည် လူသား၏ အလုပ်တစ်ခု၊ လုပ်ဆောင်ချက်တစ်ခုဖြစ်ခြင်းသည် ပေါ်လွင်ထင်ရှားသည်။ HUMAN ACTIVITY ဟု ခေါ်တတ်ကြသည်။ စာပေအနုပညာ (ကဗျာဝတ္ထု) ရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ပန်းပုထုခြင်း၊ ဂီတ/သီချင်းရေးခြင်း၊ ဗိသုကာ အဆောက်အအုံပုံစံ ထုတ်ခြင်းတို့ကို ဖန်တီးသည်။ ဖန်တီးမှု၊ ဖန်တီးမှုအနုပညာ/ CREATE,CREATION, CREATIVE ART ဟုခေါ်သည်။ ကခြင်း၊ သီချင်းဆိုခြင်း၊ သရုပ်ဆောင်ခြင်း (ရုပ်ရှင်/ဗီဒီယို/ ပြဇာတ်)တို့ကို ဆောင်ရွက်သည်၊ ဆောင်ရွက်မှု၊ ဆောင်ရွက်မှုအနုပညာ/ PERFORM, PERFORMANCE, PERFORMANCE ART ဟုခေါ်သည်။ အဓိကအားဖြင့် ဖန်တီးခြင်းနှင့် ဆောင်ရွက်ခြင်း/မှုဟူ၍ နှစ်မျိုးရှိသည်။ နောက်ပိုင်း ပို့စ်မော်ဒန် POST MODERN အနုပညာများမှာ အရောရောအထွေးထွေး ဖြစ်၍လာသည်။ စိတ်ကူးအဓိကဝါဒီများ/ CONCEPTU-ALIST ၏ တပ်ဆင်မှုအနုပညာ/ INSTALLATION ဆောင်ရွက်မှုအနုပညာ/ PERFORMANCE အခြားသောနည်းအနုပညာ/ ALTERNA-TIVE ART စသည်တို့လည်း ရှိသည်။ အထူးသဖြင့် ယနေ့ တစ်ကမ္ဘာလုံးဟုပင်ဆိုရမလောက် ဆောင်ရွက်နေကြသည့် ဆောင်ရွက်မှုအနုပညာ/ ART OF PERFORMANCE သို့မဟုတ် PERFORMANCE ART သည် အထက်တွင် ပြခဲ့သော အက၊ အဆို၊ ရုပ်ရှင်၊ ပြဇာတ် စသည်တို့နှင့် မတူပါ။ အလားတူပင် အမေရိကန်ပြည်ထောင်စုမှာ ထွန်းကားနေသော ဗီဒီယိုအနုပညာ/ VIDEO ART သည် ယနေ့ ကျွန်တော်တို့ တွေ့မြင်သိရှိနေသော "ဗီဒီယို"နှင့် မတူပါ။ "စိတ်ကူးအဓိကဝါဒ" ၏ လက်ခွဲတစ်ခုသာ ဖြစ်သည်။ သမားရိုးကျ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်မှု မဟုတ်ပါ။ စကားအလျဉ်းသင့်၍ ဤအနုပညာများကို ဖော်ပြရုံသာ ဖော်ပြခဲ့ပါသည်။ အဓိကပြောလိုရင်းမှာ ဖန်တီး/ဆောင်ရွက် CREATIVE/ PERFORM နှစ်မျိုးရှိကြောင်းသာ ဖြစ်သည်။ ဤကျမ်းတွင်မူ ဖန်တီးမှု/ CREATION ကိုသာ ဖော်ပြသွားပါမည်။

mgyoe.com

mgyoe.com

## ၃း၀။ စာပေ/ လေ့လာမှု

ယခုဆက်လက်၍ အရေးပါသော အကြောင်းကိစ္စတစ်ခုကို တင်ပြပါမည်။ ထိုအကြောင်းကိစ္စသည် စာပေလေ့လာမှု LITERARY STUDY/ LITERARY STUDIES ဖြစ်သည်။ ယင်းသည်လည်း စာပေအနုပညာနှင့် ပတ်သက်၍ လွန်စွာအရေးပါသော ကဏ္ဍကြီး ဖြစ်သည်။ အရေးပါသည်နှင့်အမျှ လွန်စွာလည်း ကျယ်ဝန်းနက်ရှိုင်းသည်။ "စာပေလေ့လာမှု" ဆိုသည်မှာ ဘာလဲဟု မပြောမီ "ဖန်တီးသူနှင့် ဖန်တီးခြင်း" အကြောင်း ပြန်သွားရပါမည်။ ဖန်တီးသူ စာပေအနုပညာသမားများ ရှိခဲ့သည်။ ယဉ်ကျေးမှုသမိုင်းတစ်လျှောက်လုံး စာပေအနုပညာများဖန်တီးလာခဲ့သည်ဟု အထက်တွင်ဆိုခဲ့ပါသည်။ (၂း၁)ဖန်တီးသူ စာပေအနုပညာသမားက ဖန်တီးသောကြောင့် စာပေအနုပညာပစ္စည်း (ကဗျာ၊ ဝတ္ထု) ဟူ၍ ဤလောကတွင်ရှိလာရသည်။ ရှိလာသောကြောင့် လူအများ ဖတ်ရှုကြသည်။ မိမိတို့သဘောဆန္ဒအကြိုက်အစွဲအလျောက်၊ မိမိတို့ ဉာဏ်ရည်ဉာဏ်သွေးအလျောက်၊ မိမိတို့ အနုပညာခံယူနိုင်မှုစွမ်းအားအလျောက် နှစ်ခြိုက်မွေ့လျော်ကြသည်။ ထို "လူအများ" ကို အထွေထွေစာဖတ်ပရိသတ်ဟု နားလည်အပ်ပါသည်။ သာမန်စာဖတ်ပရိသတ်ဟု နားလည်အပ်ပါသည်။ "အထွေထွေနှင့် သာမန်" ဟူသော စကားရပ်၏ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်ပါသည်။ သူတို့သည် ဖန်တီးသူများ ဖန်တီးကြသော စာပေ အနုပညာကို ဖတ်ရှုကြသည်။ ကြိုက်သည်လည်း ရှိမည်။မကြိုက်သည်လည်းရှိမည်။ သူတို့ကြိုက်သော စာရေးဆရာကိုလည်းကောင်း၊ သူတို့ကြိုက်သော စာအမျိုးအစားကိုလည်းကောင်း ရှာဖွေဖတ်ရှုကြမည်။ စာမှရရှိအပ်သော ပီတိရသကို ခံစားလိုက်ရလျှင်ပင် သူတို့ကိစ္စ ပြီးပေပြီ။ သူတို့နှစ်သက်ကြည်နူးရသည်ကို တစ်ဆင့်ပြန်၍ ပြောပြချင်လည်း ပြောကြမည်။ ပြောချင်မှလည်း ပြောမည်။ သူတို့ ဘာကြောင့် နှစ်သက်ကြည်နူးရသည်ဟူသောအကြောင်းကို စဉ်းစားချင်လည်း စဉ်းစားမည်။ မစဉ်းစားချင်လျှင်လည်းနေမည်။ လိုရင်းအချုပ်မှာ သူတို့အဖို့ ဖတ်ရှုခံစားရုံသက်သက်မျှသာ ဖြစ်သည်။ ထိုအနုပညာပစ္စည်းကို ဘာကြောင့် ဘယ်လိုဟူ၍ လေ့လာသုံးသပ် ဝေဖန်အကဲဖြတ်ရန် အကြောင်းမရှိ။ တာဝန်မရှိ။ သူတို့၏ လုပ်ငန်းမဟုတ်။ အလွယ်ပြောရလျှင် သူသည် စာပေအနုပညာကို ဖတ်ရှုခံစားသူ ဖြစ်၏။ စာပေအနုပညာအကြောင်း ပြန်ပြောသူမဟုတ်။

mgyoe.com

mgyoe.com
ထို့ကြောင့် သူ့ကို အထွေထွေ/သာမန်စာဖတ်ပရိသတ်ဟု ခေါ်ရခြင်းဖြစ်သည်။

သူ့အပြင် နောက်ပရိသတ်တစ်မျိုး ရှိသေးသည်။ ထိုသူသည် စာပေအနုပညာကို ဖတ်ရှုခံစားသည်။ ကြိုက်နှစ်သက်သောကြောင့် သဘောတွေ့သောကြောင့် ပီတိသုခကို ခံစားသည်။ ခံစားရုံနှင့် ရပ်တန့်မထား။ ထိုစာအကြောင်းကို ပြန်ပြောပြသည်။ လေ့လာသုံးသပ်သည်။ ဝေဖန်အကဲဖြတ်သည်။ စာကောင်းလျှင် ဘာကြောင့်ကောင်းသည်။ မကောင်းလျှင် ဘာကြောင့်မကောင်းဟု အကြောင်းချက်များ ယုတ္တိသာဓကများ ရှာဖွေ၍ နှိုင်းယှဉ်ချိန်ထိုး၍ ပြောသည်။ ဖတ်ရှုရာတွင်လည်း သူကြိုက်သော စာရေးဆရာ၊ သူကြိုက်သောစာလည်း ပါမည်။ သူမကြိုက်သောစာ၊ သူမကြိုက်သော စာရေးဆရာလည်း ပါမည်။ ထိုသို့ ကောင်း/ညံ့ ခွဲခြားအကဲဖြတ်နိုင်ဖို့အတွက် အကြောင်းအချက် ယုတ္တိသာဓကများ လိုအပ်သည်ဟု ဆိုခဲ့သည်။ ထိုသို့ပြောနိုင်ရန် အနုပညာအကြောင်း၊ ဘာသာစကားအကြောင်း၊ ခေတ်ကာလအခြေအနေအကြောင်း သိရှိထားဖို့ လိုအပ်သည်။ ယင်းတို့နှင့်ပတ်သက်၍ ကြောင်းကျိုးဆက်စပ်ပြောနိုင်ဖို့ အတွေးအခေါ် အယူအဆများ၊ အမြင်များ လိုအပ်သည်။ မိမိသုံးသပ်ချက် အကဲဖြတ်ချက်တို့ကို ခိုင်ခိုင်မာမာ ခြေခြေမြစ်မြစ် တည်ဆောက်ပြောဆိုရသောကြောင့် ခိုင်မာခြေမြစ်သော ဆောင်ရွက်ပုံစနစ်လည်း လိုအပ်သည်။ သူသည် စာပေအနုပညာလေ့လာသူ ဖြစ်၏။

စကားစဉ်ကို ပြန်ချုပ်ရသော် ဤသို့မြင်သာအောင် အလွယ်ပြနိုင်သည်။

၁/ စာပေအနုပညာကို ဖန်တီးသူက ဖန်တီးသည်၊

၂/ စာပေအနုပညာပစ္စည်းဟူ၍ ရှိလာသည်၊

၃/ ထိုပစ္စည်းကို ပရိသတ်က ခံစားမွေ့လျော်သည်၊

၄/ ပရိသတ်နှစ်မျိုးရှိသည်၊

၅/ အထွေထွေသာမန်ပရိသတ်တစ်မျိုးနှင့်

၆/ လေ့လာသူ... ဟူ၍ ဖြစ်သည်။

## ၃း၁။ စာပေလေ့လာမှု/ဖွင့်ဆိုရှင်းလင်းချက်

စာပေလေ့လာမှုဆိုသည်မှာ စာပေအနုပညာပစ္စည်း၏ အခြင်းအရာ၊ အင်္ဂါလက္ခဏာများ၊ နှုန်းစံများ၊ ကြောင်းကျိုးဆက်စပ်မှုများ၊ အကျိုးသက်ရောက်မှုများ
mgyoe.com

mgyoe.com
ကို စနစ်တကျ လေ့လာသုံးသပ် အကဲဖြတ်၍ ဖော်ထုတ်တင်ပြခြင်း ဖြစ်သည်။ စာပေလေ့လာမှုသည် တိကျသော သိပ္ပံပညာရပ် မဟုတ်စေကာမူ၊ စနစ်တကျ ဆောင်ရွက်ရသော ပညာရပ်တစ်ခု ဖြစ်သည်။ လူ၏ အသိပညာနယ်ပယ်ကို ချဲ့ထွင်သော ပညာရပ်တစ်ခု ဖြစ်သည်။

အနည်းငယ်ရှင်းလင်းဖို့ လိုအပ်ပါမည်။

စာပေအနုပညာပစ္စည်း၏ အခြင်းအရာ၊ အင်္ဂါလက္ခဏာများဟု ဆိုရာတွင် ဤသို့ နားလည်အပ်ပါသည်။ ပမာအားဖြင့် ဝတ္ထုတစ်ပုဒ်တွင် ဇာတ်လမ်း၊ ဇာတ်ကွက် တည်ဆောက်ပုံ၊ ဇာတ်ဆောင်သရုပ်ဖော်မှု၊ အချိန်နှင့်နေရာ သရုပ်ဖော်မှု၊ အဖြစ်အပျက်အစဉ်တို့၏ ဆက်စပ်မှု စသည်တို့နှင့် ဘာသာစကား အသုံးတို့ကို ဆိုလိုသည်။ နှုန်းစံဆိုသည်မှာ ဤသို့ဤပုံရေးလျှင် ကောင်းသည်၊ ဤသို့ဤပုံ သရုပ်ဖော်မှုသည် မကောင်း၊ ဤနေရာတွင် ဤသို့ ရေးဖွဲ့သင့်သည် စသည်ဖြင့် ကြိုတင်သတ်မှတ်ချက်များကို ဆိုလိုပါသည်။ ကြောင်းကျိုးဆက်စပ်မှုဆိုသည်မှာ ကောင်း၊ မကောင်းဆိုသည့် နှုန်းစံများကို အကြောင်းအကျိုးဆက်စပ်၍ ယုတ္တိသာဓကများဖြင့် ပြဆိုခြင်း၊ မိမိသုံးသပ်ချက်တစ်ခု မှန်ကန်ကြောင်း သက်သေထောက်ကူပြခြင်းတို့ကို ဆိုလိုပါသည်။ အကျိုးသက်ရောက်မှုဆိုရာတွင် စာကို မည်သို့မည်ပုံ ရေးဖွဲ့ထားသောကြောင့် မည်သို့သော ခံစားမှုမျိုး ဖြစ်စေနိုင်သည်၊ ဖြစ်နိုင်သည် (ဝါ) သက်ရောက်လာသော ခံစားမှုသည် မည်သို့သောခံစားမှုမျိုး ဖြစ်သည်တို့ကို ဆိုလိုသည်။ လေ့လာသုံးသပ်သည်ဆိုသော စကားမှာ ဖော်ပြပါ အခြင်းအရာများ၊ အခြေအနေများ၊ သက်ရောက်မှုများကို စေ့စပ်သေချာစွာ ရှာဖွေဖော်ထုတ်သည်။ ယင်းတို့ကို အသေးစိတ် ကြောင်းကျိုးဆက်စပ်၍ ကောင်းသည် ညံ့သည် မည်သို့ရှိသည်ဟု ပိုင်းခြားပြသည်။ ထိုသို့ပြသည်ကိုပင် "ဝေဖန်သည်၊ အကဲဖြတ်သည်၊ တန်ဖိုးဖြတ်သည်" ဟု ခေါ်ရပါမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံသီဝရီများ၊ ဆောင်ရွက်ပုံစနစ်များဖြင့် ဆောင်ရွက်ရသည်။ (ဝါ) ဆောင်ရွက်လေ့ရှိကြသည်။ တိကျသော သိပ္ပံပညာရပ်တစ်ခုကဲ့သို့ မဟုတ်စေကာမူ စနစ်တကျ ဆောင်ရွက်ရသော ပညာရပ်တစ်ခုဖြစ်သည်ကို အခိုင်အမာ စွဲမှတ်သင့်ပါသည်။
mgyoe.com

mgyoe.com

## ၃း၂။ စာပေလေ့လာမှု/ LITERARY STUDIES ကဏ္ဍသုံးရပ်

စာပေလေ့လာမှုသည် လွန်စွာကျယ်ဝန်းနက်ရှိုင်းသော ပညာရပ်နယ်ကြီးဖြစ်ပါသည်။ ယင်းကို ဆရာစဉ် သမားစဉ် ကဏ္ဍသုံးရပ်အပိုင်းသုံးပိုင်းခွဲခြားလေ့ရှိပါသည်။ ယေဘုယျအားဖြင့် ကဏ္ဍကြီးသုံးခုပြောရပါမည်။ အောက်ပါတို့ဖြစ်သည်။

၁/ စာပေသဘောတရား/ သီဝရီ/ THEORY OF LITERATURE POEICS

၂/ စာပေဝေဖန်ရေး/ LITERARY CRITCISM

၃/ စာပေသမိုင်း/ LITERARY HISTORY

ယင်းတို့ကို တစ်ခုချင်း ရှင်းလင်းဖော်ပြပါမည်။

## ၃း၃။ စာပေသဘောတရား

စာပေသဘောတရားကို သီဝရီ/ THEORY ဟု ခေါ်သည်။ သီဝရီအပေါင်းအစုကို တစ်ခါတစ်ရံ POETICS ဟု သုံးသည်။ သဘောတရားကို "တရားကိုယ်သဘော" ဟုလည်း သုံးနိုင်သည်။ စာပေအနုပညာပစ္စည်း၏ အကြောင်းခြင်းရာလက္ခဏာများကို လေ့လာသုံးသပ်၍ ယေဘုယျ လွှမ်းခြုံနိုင်သော သဘောတစ်ခု၊ တရားတစ်ခု၊ အဆိုတစ်ခုကို သတ်မှတ်ဖော်ထုတ်ခြင်း၊ မှန်ကန်သည်ဟု ယူဆနိုင်သော ဥပဒေသတစ်ခုကို သတ်မှတ်ဖော်ထုတ်ခြင်းဟု ဆိုနိုင်သည်။ စကားပမာ ဆိုပါတော့။ ဦးပုည၏ မျက်နှာငွေလတွင် ရူပကဆိုသည်မှာ ဘာလဲ၊ ဘာကြောင့် ရူပကဖြစ်သလဲ။ ဝဏ္ဏဝတ္ထုဆိုတာ ဘာလဲ၊ ဘာကြောင့် ဝဏ္ဏဝတ္ထုဖြစ်သလဲ။ နိမိတ်ပုံဆိုတာ ဘာလဲ၊ ဘာကြောင့် နိမိတ်ပုံဖြစ်သလဲ စသည်တို့ကို အကျယ်အပွား လေ့လာစူးစမ်းရပါသည်။ ထိုသို့ စူးစမ်းပြီး တွေ့ရှိလာသော အချက်အလက်တို့ကို အဆိုတစ်ခုအဖြစ်၊ တရားတစ်ခုအဖြစ်၊ သဘောတစ်ခုအဖြစ် သတ်မှတ်ရသည်။ ဥပဒေသတစ်ခုဟုလည်း ပြောနိုင်သည်။ ထိုအဆိုဖြင့်၊ ထိုသဘောတရားဖြင့်၊ ထိုဥပဒေသဖြင့် အခြားအခြားသော အရေးအဖွဲ့များကို စိစစ်၍ နိမိတ်ပုံဖြစ်သည်၊ မဖြစ်သည်။ ကောင်းသည်၊ ညံ့သည် စသည်ဖြင့် သုံးသပ်နိုင်ပါသည်။ ဝတ္ထုတစ်ပုဒ်တွင်လည်း အလားတူပင် ဆင်ခြင်ကြည့်နိုင်သည်။ ဝတ္ထုတစ်ပုဒ်တွင် ဇာတ်ဆောင်စရိုက်ကို ဘယ်လိုသရုပ်ဖော်သလဲ။ သရုပ်

mgyoe.com

mgyoe.com
ဖော်ပုံများကို လေ့လာစူးစမ်း၍၊ သရုပ်ဖော်နည်းလမ်းများ၊ ထိုသို့ သရုပ်ဖော်သောကြောင့် မည်သို့ အကျိုးသက်ရောက်သလဲ၊ မည်သို့သော ခံစားမှုများကို ပေးသလဲ၊ ဇာတ်လမ်းဇာတ်ကွက်ကို မည်သို့ အထောက်အကူပြုသလဲ စသည်တို့ကို လေ့လာစူးစမ်း၍ ဇာတ်ဆောင်စရိုက်နှင့် ပတ်သက်သော အဆိုတစ်ခု၊ သဘောတစ်ခု၊ ဥပဒေတစ်ခု စသည်ဖြင့် ဖော်ထုတ်သတ်မှတ်ရသည်။ ဤသို့ဖြင့် ဇာတ်ဆောင်စရိုက် သဘောတရား/ သီဝရီဟု ရလာပါသည်။ ထိုသီဝရီဖြင့် အလားတူ၊ သဘောအခြင်းအရာဟူသော အခြားဝတ္ထုများ၏ ဇာတ်ဆောင်ကို လေ့လာနိုင်သည်။

နောက်တစ်မျိုးလည်း ရှိပါသည်။ ယခု အထက်စာပိုဒ်မှာ တင်ပြခဲ့သော သဘောတရားတို့သည် ကဗျာ၊ ဝတ္ထု စသော အနုပညာပစ္စည်း၏ အတွင်း/စာသားမှ ရသော သဘောတရားများ ဖြစ်ပါသည်။ INTERNAL/ TEXTUAL သဘောတရားများဟု ခေါ်သင့်ပါသည်။ အနုပညာပစ္စည်း၏ အတွင်းမှမဟုတ်၊ စာသားမှမဟုတ်သော သဘောတရားများ ရှိနိုင်သည်။ CONTEXTUAL သဘောတရားများဟု ခေါ်သင့်ပါသည်။ ပမာအားဖြင့်... ဂျူး၏ ဝတ္ထုတစ်ပုဒ် ဆိုပါစို့။ ထိုဝတ္ထုထဲတွင်... "ခပ်ညံ့ညံ့ ခပ်တုံးတုံး ယောကျ်ားများကို အထင်သေးကြောင်း" ပါသည်ဆိုပါတော့။ ထိုအချက်သည် ဂျူး၏ အတွေးအခေါ်၊ အယူအဆ ဖြစ်သည်။ ထိုအချက်ကို ဣတ္ထိယဝါဒ/ FEMINISM သီဝရီများ၊ အဆိုများနှင့် ယှဉ်တွဲလေ့လာ၍ ဂျူးကိုလည်းကောင်း၊ ဂျူး၏ ဝတ္ထုကိုလည်းကောင်း ဝေဖန်သုံးသပ် အကဲဖြတ်နိုင်သည်။ ဣတ္ထိယဝါဒ/FEMINISM သည် သီးခြားဖြစ်ပေါ်တည်ရှိခဲ့ပါသည်။ ယင်းကို အခြေခံ၍ ဣတ္ထိယဝါဒ ဝေဖန်ရေး / FEMINIST CRITICISM ဟု ပေါ်ပေါက်ရပါသည်။ အလားတူစွာ ပို့စ်မော်ဒန်အတွေးအခေါ်အယူအဆများမှ ပို့စ်မော်ဒန်ဝါဒ/ POST MODERNISM ဟူ၍ရှိပြီး၊ ယင်းကို အခြေပြု၍ ပို့စ်မော်ဒန်ဝေဖန်ရေး POST MODERNIST CRITICISM ဟူ၍ ရှိလာရသည်။ ဤသို့ဖြင့် စာပေသဘောတရား၏ အချုပ်ကို အတွင်းမှလာသော TEXTUALသဘောတရားနှင့် အပြင်မှလာသော(ဝါ)အပြင်မှာရှိသော CONTEXTUAL/ EXTRA-TEXTUAL သဘောတရားဟူ၍ နှစ်မျိုးပြခဲ့သည်။
mgyoe.com

mgyoe.com

## ၃း၄။ စာပေဝေဖန်ရေး

အခြားသော အနုပညာဝေဖန်ရေးများနှင့် မရောနှောအောင် စာပေဝေဖန်ရေး/ LITERARY CRITICISM ဟု သုံးလေ့ရှိသော်လည်း ဝေဖန်ရေး/ CRITICISM တစ်လုံးတည်းသုံး၍လည်း ရပါသည်။ သုံးတတ်ကြပါသည်။ ဝေဖန်ရေး ဆိုတာ ဘာလဲ။

စာပေအနုပညာ ပစ္စည်းတစ်ရပ်ကို လေ့လာသုံးသပ်၍ တွေ့ရှိသော အကြောင်းခြင်းရာ၊ အချက်အလက်များ၊ သဘောများကို ဖော်ထုတ်တင်ပြခြင်းသည် အဆင့်တစ်ဆင့် ဖြစ်သည်။ ထိုအဆင့်ကို စိစစ်ခြင်း/ ANALYSIS ဟု ခေါ်သင့်ပါသည်။ သရုပ်ဖော်အဆင့်/ DESCRIPTIVE ဟုလည်း ခေါ်နိုင်ပါသည်။ ထိုအဆင့်၏ အဓိကလက္ခဏာသည် စာပေအနုပညာပစ္စည်း၏ အကြောင်းခြင်းရာ အချက်အလက်၊ အခြေအနေ သဘောများကို မည်သို့မည်ပုံ ရှိသည်ဟု လေ့လာတင်ပြခြင်း ဖြစ်သည်။ အကောင်းအညံ့ ခွဲခြားဖော်ပြခြင်း မပါရှိ။ ဤလက္ခဏာရပ်ကို ယေဘုယျအားဖြင့် နားလည်ထားသင့်သည်။ အကောင်းအညံ့ခွဲခြားခြင်း ဟူသည် ဝေဖန်ရေး၏ သော့ချက်ဖြစ်၏။ တန်ဖိုးဖြတ်ခြင်း/ EVALUATION ဟုလည်း ခေါ်နိုင်သည်။ တန်ဖိုးဖြတ်ချက်များ/ VALUE-JUDGEMENT ပေးခြင်းဟုလည်း ခေါ်နိုင်သည်။ ဝေဖန်ဟူသော စကား၏ မူလအဓိပ္ပာယ်ကိုက အကောင်းအဆိုး အကျိုးအပြစ်ခွဲခြားပြခြင်းဟူသော သဘောပါဝင်ပြီးဖြစ်ကြောင်း သတိပြုသင့်သည်။ "အကဲဖြတ်"သည်ဟုလည်း နားလည်အပ်ပါသည်။ ထိုသို့ ကောင်း/ညံ့ တန်ဖိုးဖြတ်ခြင်းပါမှ "ဝေဖန်ရေး" အရာမြောက်သည်ဟု နားလည်အပ်ပါသည်။ အခြေခံသော သီဝရီများ၊ အသုံးပြုသော စနစ်များကို လိုက်၍ "ဝေဖန်ရေး အမျိုးအစား"များ ကွဲပြားကြောင်းကိုလည်း သတိပြုသင့်ပါသည်။ "ဝေဖန်ရေး သီဝရီ" ဟူ၍လည်း အမျိုးမျိုးကွဲပြားတည်ရှိကြောင်းကိုလည်း သတိပြုစေလိုပါသည်။ ယင်းသည် စာပေလေ့လာမှု၏ ကဏ္ဍကြီးတစ်ရပ်အဖြစ် တင်ပြခဲ့ပါသည်။


## ၃း၅။ စာပေသမိုင်း

စာပေအနုပညာပစ္စည်းတစ်ခုသည် အခြားသော သက်ရှိသက်မဲ့အရာများနည်းတူ "အချိန်" ဟူသော သတ်မှတ်ချက်ကို ဖြတ်သန်းနေရပါသည်။ စာပေ

mgyoe.com

mgyoe.com
အနုပညာသမား၏ စိတ်သန္တာန်မှာ စိတ်ကူးယဉ်အဖြစ် စတင် သန္ဓေတည်လိုက်သည်မှစ၍ ထိုအနုပညာပစ္စည်း ရေးသားပြီးဆုံးသွားသည်အထိကို ဖန်တီးမှုအစဉ်/ CREATIVE PROCESS ဟု ခေါ်ကြောင်း ပြခဲ့ပါသည်။ (၂း၃) "ဖန်တီးမှုအစဉ်" ဆုံးသည်နှင့် "အနုပညာပစ္စည်း" ဟူ၍ ဖြစ်တည်မှု စပါသည်။ တစ်ပြိုင်နက် "အချိန်ခရီး" ကို စတင်ပါသည်။ စတင်သည်နှင့် အတိတ်များကို ချန်ထားခဲ့ပါသည်။ ပစ္စုပ္ပန်ဖြစ်တည်မှုများ ကုန်ပျက်သည်။ အနာဂတ်ကို ဦးတည်ရွေ့လျားသည်။ သည်သဘောကိုပင် "သမိုင်းစဉ်/ သမိုင်းကြောင်း" ဟု ခေါ်နိုင်ပါသည်။ အနုပညာပစ္စည်းတစ်ခုချင်းတွင် သမိုင်းကြောင်းရှိသကဲ့သို့၊ အနုပညာပစ္စည်း အမျိုးအစား/ GENRE အလိုက်လည်း သမိုင်းကြောင်းရှိသည်။ ပမာအားဖြင့် လေးချိုးဆိုပါစို့။ အထောက်အထားခိုင်မာစွာ မတွေ့ရသော်လည်း အင်းဝခေတ် "သပိတ်ဘွဲ့" ဟု ဆိုကြသော လေးဆစ် (ရွှေဝကသာ၊ ပန်းမာလာ၊ အညာမရှိ၊ ငုံးတိတိ) မှစ၍ သခင်ကိုယ်တော်မှိုင်း၏ စာထောင့်မဟာကဗျာ လေးချိုးကြီးများအထိ အခြေခံစနစ်တစ်ခုပေါ်တွင် တည်ဆောက်ကွန့်မြူး ဖန်တီးခဲ့သော "လေးချိုးသမိုင်း" ရှိခဲ့သည်။ ဆိုလိုသည်မှာ သမိုင်းကြောင်းတစ်လျှောက် ဖြစ်ပေါ်တည်ရှိရုံမျှမက၊ ဖြစ်ပေါ်တိုးတက်ခဲ့သည်ဟု ဖြစ်ပါသည်။ ဖြစ်ပေါ်တည်ရှိမှုနှင့် ဖြစ်ပေါ်တိုးတက်မှုကို သတိပြု မှတ်သားသင့်ပါသည်။ အမျိုးအစားအလိုက် သမိုင်းကြောင်းများ ရှိသကဲ့သို့၊ ခေတ်/ အချိန်အပိုင်းအခြားအလိုက်၊ အနုပညာပစ္စည်းများ၏ ဖြစ်တည်မှု၊ တိုးတက်မှု၊ ပြောင်းလဲမှုကို တွေ့ရပါမည်။ ပမာအားဖြင့် ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ် စာပေအနုပညာပစ္စည်းများ၏ သမိုင်းကြောင်းဟူ၍ ရှိပါသည်။ အစဉ်အလာ သတ်မှတ်ချက်အတိုင်း ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ် စသည်ဖြင့် ခွဲခြားသလို "ရာစုနှစ်"ကို မူတည်၍ "၂၀ ရာစုခေတ်ဦး" "၂၀ရာစုခေတ်နှောင်း" စသည်ဖြင့်လည်း ခွဲခြားလေ့လာကြပါသည်။ အလားတူပင် စာပေအနုပညာ အယူအဆဝါဒများကို အခြေတည်၍ ပုံသဏ္ဌာန်ဝါဒ/ FORMALISM မော်ဒန်ဝါဒ/ MODERNISM ပို့စ်မော်ဒန်ဝါဒ/ POSTMODERNISM စသည်ဖြင့် ဖြစ်တည်မှု၊ တိုးတက်မှု၊ ပြောင်းလဲမှုတို့ကို ခွဲခြားလေ့လာကြပါသည်။ အချုပ်အားဖြင့် ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများကို အခြေခံ၍ သမိုင်းကြောင်း "ခွင်" အတွင်းမှာထား၍ စာပေ အနုပညာ

mgyoe.com
လေ့လာခြင်းမျိုးကို စာပေသမိုင်းဟု မှတ်ယူအပ်ပါသည်။ ဤသို့ဖြင့်...




ဟု နားလည်မှတ်သားသင့်ပါသည်။

## ၃း၆။ လေ့လာမှုကဏ္ဍ (၃)ရပ်၏ ယှက်နွှယ်မှု

ဖော်ပြခဲ့သော စာပေလေ့လာမှုကဏ္ဍကြီး (၃)ရပ်သည် တစ်ခုနှင့်တစ်ခု ယှက်နွှယ်၍နေသည်ဆိုသောအချက်ကို မမေ့သင့်ပါ။ ပညာရပ်သဘောနှင့် ပြောနေသောကြောင့် တစ်ခုစီတစ်ခုချင်းခွဲ၍ ပြောရပါသည်။ စင်စစ် ခွဲမရအောင် ယှက်နွှယ်နေသည်။ သဘောတရား သီဝရီမပါဘဲ ဝေဖန်ရေးလုပ်၍မရ။ လုပ်သည်ဆိုပါလျှင်လည်း မိမိအထင်ကိုသာ ပြောခြင်းဖြစ်လိမ့်မည်။ သဘောတရားသီဝရီကို ရှာဖွေဖော်ထုတ် တည်ဆောက်မည်ဆိုလျှင်လည်း အကြောင်းအကျိုးဆက်စပ်မှုများ၊ တန်ဖိုးဖြတ်မှုများ၊ ဝေဖန်ပိုင်းခြားမှုများမပါလျှင် ခိုင်မာသော သီဝရီအခြေခံကိုမရပါ။ သမိုင်းစဉ် ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာရာတွင်လည်း သဘောတရားအခြေခံ လိုအပ်သည်။ ကြောင်းကျိုးဆက်စပ်သော ဝေဖန်ပိုင်းခြားမှု လိုအပ်သည်။ ခွဲ၍မရဟု နားလည်အပ်ပါသည်။ ပညာရပ်သဘောအရသာလျှင် အကြောင်းခြင်းရာများကို ခွဲပြောနေရသည်။ စင်စစ် ခွဲမရအောင် ယှက်နွှယ်နေသည်ဟု တင်ပြခဲ့ပါသည်။

## ၃း၇။ လေ့လာမှုအစဉ်/STUDY PROCESS

ယေဘုယျကျသော စာပေအနုပညာလေ့လာမှုအစဉ် STUDY PROCESS အချို့ကို တင်ပြပါမည်။ ပထမပုံစံအဖြစ် ဤသို့ပြနိုင်ပါသည်။

mgyoe.com

mgyoe.com

# DIV

D=DESCRIPTION သရုပ်ဖော်
I =INTERPRETATION ဖွင့်ဆိုရှင်းလင်း
V=VERDICT တန်ဖိုးဖြတ်

ပမာအားဖြင့် ဇော်ဂျီ၏ ဗေဒါလမ်းဆိုပါစို့။ ကဗျာများကို စေ့စပ်စွာဖတ်၍ ဘယ်လိုအလင်္ကာတွေ၊ သင်္ကေတတွေပါသည်။ ဘယ်လိုအကြောင်းခြင်းရာတွေ တွေ့ရသည်။ ယင်းတို့ကို မည်သို့ ဆက်စပ်ဖော်ပြထားသည် စသည်တို့ကို ပထမအဆင့် သရုပ်ဖော်ဟု ခေါ်နိုင်သည်။ "သရုပ်ဖော်" ဆိုသည်မှာ ကဗျာအတွင်း ပါဝင်သော အကြောင်းခြင်းရာ၊ အချက်အလက်၊ အသုံးအနှုန်းတို့ကို ဖော်ပြခြင်းပင် ဖြစ်သည်။ ဒုတိယအဆင့်မှာ ယင်းတို့ကို ဖွင့်ဆိုရှင်းလင်းရပါသည်။ မည်သည့်စာသားက ဘာအဓိပ္ပာယ်/ MEANING ရှိသည်။ ဘာအနက်သဘော/ SIGNIFICANCE ရှိသည် စသည်ဖြင့် လေ့လာစူးစမ်း ဖော်ထုတ်ရပါသည်။ တတိယအဆင့်မှာ ဤသို့ ဤသို့သော အရေးအဖွဲ့များကြောင့် ကောင်းသည်/ ညံ့သည် ခွဲခြားဝေဖန်၍ တန်ဖိုးဖြတ်ရပါသည်။ ဤအဆင့် သုံးဆင့်စလုံး ပြည့်စုံပါမှ လေ့လာပါမှ အစဉ်ပြီးစီးပြည့်စုံသည်ဟု မှတ်အပ်ပါသည်။ ထပ်မံပုံဆောင်ပါဦးမည်။ ဗေဒါလမ်းကဗျာကို ဘာသာဗေဒနည်းဖြင့် လေ့လာခြင်း/ LINGUISTIC STUDY/ LINGUISTIC CRITICISM ဆိုပါတော့။ အခြေခံသီဝရီမှာ ဘာသာဗေဒသီဝရီ ဖြစ်သည်။ ဘာသာဗေဒ စည်းကမ်းများအရ စကားသံ PHONOGICAL လေ့လာမှုနှင့်သဒ္ဒါ GRAMMATICAL လေ့လာမှုတို့ကို သုံးထားသည်။ ယင်းတို့သည် ဝေဖန်ရေးစနစ်များ ဖြစ်ပါသည်။ ပထမအဆင့်မှာ (ပုံစံအားဖြင့်) အပိုဒ်၊ စာကြောင်းရေ၊ ရပ်နားမှု၊ အသံစိတ် စသည်တို့ကို လေ့လာသည်။ သဒ္ဒါအဆင့်မှာလည်း အခြေခံသဒ္ဒါယူနစ်၊ ဝါကျဖွဲ့ပုံ/ SYNTAX စကားလုံးဖွဲ့ပုံ/ MORPHOLOGY စသည်တို့ကို အသေးစိတ် လေ့လာထုတ်ဖော်သည်။ ဒုတိယအဆင့်မှာဆိုပါတော့... အသံစိတ်များအကြောင်း ဖော်ပြ၍ စာပိုဒ်(၃)ပိုဒ်ရှိရာ၊ တစ်ပိုဒ်စီရှိ အသံစိတ်အရေအတွက်ကို အချိုးချကြည့်သော အခါ (၄၃ ၃/၂း၄ ၃/၂ း ၃၈) ဟူ၍ တွေ့ရသည်။ အသံစိတ်ရှိကြပုံ ညီညွတ်သောကြောင့်

mgyoe.com

"ညင်သာသောသဘော ဖြစ်စေသည်"ဟု ရှင်းလင်းဖွင့်ဆိုပါသည်။ တတိယ အဆင့်တွင် ကဗျာ (၃) ပိုဒ်၏ အသံစိတ်အချိုးများ ထိုသို့ ရှိနေသောကြောင့် ညင်သာပြေပြစ်သည်။ ထို့ကြောင့် သဒ္ဒါလင်္ကာရဖြစ်စေသော အကြောင်းတစ်ရပ်ဟု VERDICT/ တန်ဖိုးဖြတ်ပါသည်။

(ဦးထွန်းမြင့် "ဗေဒါလမ်းကဗျာ ၆ ကို ဘာသာဗေဒနည်းဖြင့် လေ့လာခြင်း")

ဒုတိယပုံစံအဖြစ် ဤသို့ ပြနိုင်ပါသည်။ ပထမပုံစံနှင့် သဘောချင်းတူပါသည်။

**AIE**

A=ANALYSIS စိစစ်

I =INTERPRETATION ဖွင့်ဆိုရှင်းလင်း

E=EVALUAION တန်ဖိုးဖြတ်ခြင်း

အကျယ်မရှင်းတော့ပါ။ တတိယပုံစံဖြင့် ဤသို့ပြနိုင်ပါသည်။

**VRN**

V=VERDICT တန်ဖိုးဖြတ်သတ်မှတ်

R=REASON အကြောင်းပြ

N=NORM စံသတ်မှတ်

ဤအစဉ်တွင် V တန်ဖိုးဖြတ်ခြင်းကို စတင် သတ်မှတ်ပါသည်။ ဤကဗျာ ကောင်းသည်။ ရသမြောက်သည် စသည်ဖြင့် သတ်မှတ်ခြင်း ဖြစ်သည်။ တန်ဖိုးဖြတ်ခြင်းက စသောကြောင့် လေ့လာသူ/ ဝေဖန်သူတွင် ခိုင်မာသော သီဝရီများ၊ အနုပညာ အတွေးအခေါ်များ အနုပညာအမြင်များ ရှိနှင့်ပြီးဖြစ်သည် နားလည်ရမည်။ ပညာရပ်ကို နှံ့စပ်ကျွမ်းကျင်သူ ဖြစ်နှင့်သည်ဟု မှတ်ယူရန်ရှိသည်။ ကောင်းသည်ဟု ဆုံးဖြတ်လိုက်သည်နှင့် ဘာကြောင့်ကောင်းသလဲဟု (REASON) အကြောင်း ပြရပါသည်။ R အပိုင်းမှာ ကြောင်းကျိုးဆက်စပ်မှုများ၊ နှိုင်းယှဉ်ချက်များ၊ အခြားသော အတွေးအခေါ် အယူအဆများဖြင့် ခြေခြေမြစ်မြစ် အကြောင်းပြ

mgyoe.com
ရပါသည်။ Nအပိုင်းမှာ ဤသို့သော အခြင်းအရာ လက္ခဏာများရှိလျှင် ကောင်းသည်ဟု ကောင်းခြင်း၏ စံကို သတ်မှတ်ပေးလိုက်သည်။

ပုံစံအဖြစ် ပေါ်လွင်စေရန် ဤအစဉ်များကို ပြခဲ့ပါသည်။ ယင်းတို့ကို ဝေဖန်ရေးအစဉ်/ CRITICAL PROCESS ဟုလည်း ခေါ်နိုင်သည်။

## ၃း၈။ သုတေသန/ပညာရှင်လုပ်ငန်း/RESEARCH/ SCHOLARSHIP

"စာပေလေ့လာမှု"ကိုပင် စာပေသုတေသနလုပ်ငန်းဟု တစ်ခါတစ်ရံခေါ်တတ်ပါသည်။ မသိသေးသောအရာကို ထုတ်ဖော်ခြင်းဟု ယေဘုယျ နားလည်အပ်ပါသည်။ ရှေးဟောင်းစာပေအနုပညာများကို ဖော်ထုတ်ခြင်း၊ ရှိပြီးဖြစ်သော စာပေများကို အမြင်သစ်ဖြင့် လေ့လာစူးစမ်း၍ အသိသစ်များ ဖော်ထုတ်ခြင်းစသည်တို့ ဖြစ်သည်။ သုတေသနလုပ်ငန်းလုပ်သူကို သုတေသီ/စာပေသုတေသီဟု ခေါ်သလို၊ စာပေလေ့လာမှုလုပ်ငန်းကြီး လုပ်ကိုင်သူကို ပညာရှင်/ SCHOLAR ဟု ခေါ်ပါသည်။ ယင်းလုပ်ငန်းကြီးတစ်ခုလုံးကိုပင် စာပေပညာရှင်လုပ်ငန်း/ SCHOLARSHIP ခေါ်ကြပါသည်။ ယင်းအခေါ်အဝေါ်များသည် ယေဘုယျကျလွန်းကြောင်းကို သတိပြုရန် ရှိပါသည်။ ဝေဖန်ရေးဆရာ/ CRITIC တစ်ယောက်ကို ပညာရှင်/ SCHOLAR တစ်ယောက်ဖြစ်သည် မှန်သော်လည်း ထိုသို့ ခေါ်ဝေါ်သုံးနှုန်းလေ့ မရှိပါ။ ဝေဖန်ရေးဆရာဟုသာ ခေါ်ကြပါသည်။

## ၄း၀။ စာပေလေ့လာမှုအမျိုးအစား(၂)ရပ်

စာပေလေ့လာမှုသမိုင်းကို မှတ်တမ်းမှတ်ရာရှိ၍ သိမီသလောက် လေ့လာကြည့်သောအခါ အဓိကအားဖြင့် အမျိုးအစားကြီး(၂)ရပ်ကို တွေ့ရသည်။ ယနေ့အထိဟုပင် ဆိုရပါမည်။ သမိုင်းတစ်လျှောက်လုံး စာပေအနုပညာတွေ ဖြစ်ထွန်းလာသည်နှင့်အမျှ စာပေလေ့လာမှုသည်လည်း လွန်စွာ ရှုပ်ထွေးနက်ရှိုင်းစွာ၊ အလွန်ထွေပြားစွာ ဖြစ်ပေါ်တည်ရှိလာခဲ့သည်။ ဤကျမ်းတွင်မူ အဓိကအဖြစ် ဖော်ပြနိုင်သော၊ ဆရာစဉ်သမားစဉ် ဖော်ပြခဲ့ကြသော အမျိုးအစားကြီး(၂)ရပ်ကိုသာ တင်ပြမည်။ ယင်းတို့မှာ...

၁/ အတွင်းလေ့လာမှု/ INTRINSIC နှင့်
mgyoe.com

mgyoe.com

၂/ အပြင်လေ့လာမှု/ EXTRINSIC ဖြစ်သည်။

အတွင်း/အပြင်ဆိုသော စကားရပ်အစုံသည် အလွယ်ဆုံး အရိုးဆုံး အရှင်းဆုံးဖြစ်သည်။ အတွင်းကို INTRINSIC, INTERNAL, MICRO, TEXTUAL စသည်ဖြင့် ခေါ်ဝေါ်သည်များ ရှိသည်။ အားလုံး အတူတူဟု ပြော၍ မရသော်လည်း သဘောချင်းဆင်သည်ဟု နားလည်ရန် ရှိပါသည်။ အပြင်ကို EXTRINSIC, EXTERNAL, MACRO, CONTEXTUAL စသည်ဖြင့် ခေါ်ဝေါ်နိုင်သည်။ "အတွင်း/အပြင်" ဆိုသော စကားရပ်များနှင့် တွဲဖက်၍ APPROACH ဆိုသော စကားကို သုံးသည်။ "ချဉ်းကပ်ခြင်း၊ ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်း" ဟု အဓိပ္ပာယ်ရသည်။ သို့သော် ဤနေရာတွင် "နည်း" ဟု အတိအကျ မမှတ်ယူသင့်ပေ၊ "လေ့လာမှု" ဟု ပြောလျှင် လုံလောက်ပြီဖြစ်သောကြောင့် INTRINSIC STUDY အတွင်းလေ့လာမှု၊ EXTRINSIC STUDY အပြင်လေ့လာမှုဟု သုံးနှုန်းသွားပါမည်။ (၃း၃ ကို ကြည့်ပါ။)

## ၄း၁။ အတွင်းလေ့လာမှု INTRINSIC STUDY

စာပေအနုပညာပစ္စည်းတစ်ခုခု (ကဗျာတစ်ပုဒ်၊ ဝတ္ထုတိုတစ်ပုဒ်၊ ဝတ္ထုရှည်တစ်ပုဒ်၊ ပြဇာတ်တစ်ပုဒ်) A WORK OF ART / A WORK OF LITERARY ART ၏ ပင်ကိုထည်/ THE WORK ITSELF ကို "သာလျှင်" လေ့လာခြင်းမျိုးကို... "အတွင်းလေ့လာမှု" ဟု ခေါ်သည်။

ပင်ကိုထည်ဆိုသည်မှာ အဆိုပါအနုပညာပစ္စည်းနှင့် ဆက်စပ်ပတ်သက်နေသော အခြားသောအကြောင်းအရာများ၊ အခြေအနေများ၊ ဖြစ်ရပ်များ၊ ထင်မြင်ချက်များအားလုံးကို ဖယ်ခွာထားသော၊ ဖယ်ရှားထားသော၊ အနုပညာပစ္စည်း သက်သက်ဟု ဆိုလိုသည်။ ထိုပစ္စည်း ပင်ကိုထည်မှာပါဝင်သော၊ ကြားခံ MEDIUM ဘာသာစကား လေ့လာခြင်းဟု အချုပ် မှတ်ယူရမည်။ ပမာအားဖြင့်... အင်းဝပျို့ကဝိကြီး ရှင်မဟာရဋ္ဌသာရ၏ ပုရေနိသင်ရတု ဆိုပါတော့။ ထိုရတုကို လေ့လာရာတွင် (သို့မဟုတ်) ဝေဖန်ရာတွင်၊ ဆရာတော်ငယ်စဉ်ဘဝ၊ ချစ်ရေးချစ်ရာ ကိစ္စများ၊ သာသနာ့ဘောင်ကိုဝင်ပုံ၊ စိတ်ဆင်းရဲရပုံ၊ နောက်ဆုံး သည်ဘဝ သည်မျှသာဟု ဆုံးဖြတ်လိုက်ပုံ စသော အကြောင်းခြင်းရာ၊ အချက်အလက်များ

mgyoe.com

ဘာမှ ပါဝင်လာစရာအကြောင်းမရှိ။ "ပုရေနိုသင်" ကဗျာအရှိအတိုင်းသာ လေ့လာရမည်။ ကဗျာမှာပါသော ဘာသာစကားအသုံးအနှုန်း၊ အသံသာမှု၊ အလင်္ကာ စသည်တို့ကိုသာ လေ့လာရမည်။ ဆရာတော်နှင့် မင်းသမီးကလေး ချစ်ကြိုက်ခဲ့ဖူးခြင်း၊ ဆရာတော်၏ ခံစားမှု စသည်တို့ကို ထည့်မတွက်၊ ထိုကိစ္စများသည် သမိုင်းအထောက်အထားရှိချင်မှ ရှိမည်။ အမှန်ဖြစ်ချင်ဖြစ်မည်။ သမိုင်းအထောက်အထားမရှိဘဲ အထင်ဖြင့် ပြောခြင်းလည်း ဖြစ်ချင်ဖြစ်သည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ "ပုရေနိုသင်" ကဗျာကောင်းမကောင်း လေ့လာရာမှာ ထိုကိစ္စများ မလိုအပ်။ ကဗျာကောင်းကြောင်းကို ကဗျာအတွင်းမှာရှိသော၊ ဘာသာစကား အသုံးအနှုန်း၊ အရေးအဖွဲ့၊ အလင်္ကာမြောက်မှု၊ အသံသာမှု၊ အနက်သဘောသိပ်သည်းမှု စသည်တို့ကိုသာ ကြည့်ရမည်။ ထိုသို့ လေ့လာခြင်းမျိုးကို အတွင်းလေ့လာမှုဟု မှတ်ယူရမည်။

## ၄း၂။ အပြင်လေ့လာမှု EXTRINSIC STUDY

စာပေအနုပညာပစ္စည်းတစ်ရပ် (ကဗျာ၊ ဝတ္ထုစသည်) သည် မိုးပေါ်က ကျလာသည်မဟုတ်။ မြေကိုခွဲ၍ ဘွားခနဲပေါ်လာသည်မဟုတ်။ ဖန်တီးသူအနုပညာသမား (ကဗျာဆရာ၊ ဝတ္ထုဆရာ)ရှိသည်။ သူတို့၏စိတ် (စရိုက်သဘာဝ၊ အတွေးအခေါ် အယူအဆ၊ ဉာဏ်ပညာအဆင့်အတန်း စသည်)တို့ ရှိ၏။ သူတို့၏ဘဝ၊ ခေတ်ကာလအခြေအနေ၊ သူတို့ ကြီးပြင်းရင့်ကျက်ခဲ့ရသော ခေတ်ကာလ၏ လူမှု/ နိုင်ငံရေး/ စီးပွားရေးအခြေအနေများ၊ သူတို့ဘဝ အတွေ့အကြုံများ၊ သူတို့ ဆက်ခံခဲ့သော စာပေ အနုပညာတို့၏ အစဉ်အလာ စသည်ဖြင့် မြောက်မြားစွာသော အချက်အလက်များ အခြေအနေများကို ထည့်တွက်ရပါသည်။ ထိုသို့ ဆက်စပ်ပတ်သက်နေသော အခြေအနေအရပ်ရပ်/ CONTEXT ကို ထည့်သွင်းစဉ်းစား လုပ်ကိုင်ဆောင်ရွက်သော လေ့လာခြင်းမျိုးကို "အပြင်လေ့လာမှု" ဟု ခေါ်ပါသည်။

ပမာအားဖြင့်... လေးချိုးဘုရင်ကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများကို လေ့လာမည်ဆိုလျှင်၊ သခင်ကိုယ်တော်မှိုင်း၏ မျိုးချစ်စိတ်၊ လေးချိုးများ ရေးသော ခေတ်ကာလ၏ လူမှု/ နိုင်ငံရေး/ စီးပွားရေးအခြေအနေများ စသည့် ဆက်စပ်နေသော အကြောင်းအရာများကိုပါ ထည့်သွင်းလေ့လာရသည်။ သမိုင်း

mgyoe.com

ရေးရာ အချက်အလက်များ သခင်ကိုယ်တော်မှိုင်း၏ စိတ်ဓာတ်၊ သူ့နိုင်ငံရေး အယူအဆ စသည်တို့ကို ဆက်စပ်ပြီး သူ့ကဗျာများကို လေ့လာသည်။ ထိုသို့သော လေ့လာမှုမျိုးကို အပြင်လေ့လာမှုဟု မှတ်ယူရမည်။

အထက်တစ်နေရာ (၄း၀)တွင် ဖော်ပြခဲ့သည့်အတိုင်း၊ လေ့လာမှုကို အကြမ်းအားဖြင့် (၂)မျိုးခွဲနိုင်သည်။ စင်စစ် အခြေခံသော သီဝရီများ ဝေဖန်ရေးစနစ်များ မြောက်မြားစွာရှိသောကြောင့် လေ့လာမှုအမျိုးအစားများ မြောက်မြားစွာ တည်ရှိနိုင်သည်။ ထိုအချက်ကို သတိပြုမိစေရန် အလေးအနက် ထပ်မံဖော်ပြခဲ့ပါသည်။

## ၄း၃။ အပြင် EXTRINSIC လေ့လာမှုဆိုင်ရာအမြင်များ

ဤအပိုင်းတွင် "အပြင်လေ့လာမှု" ဆိုင်ရာ အမြင်များစွာကို အတော်အသင့် ကျယ်ကျယ်ပြန့်ပြန့် တင်ပြပါမည်။ တင်ပြရသော အကြောင်းလည်း ရှိသည်။ အပြင်လေ့လာမှုသည် ဤနိုင်ငံမှာ တော်တော်ကျယ်ကျယ်ပြန့်ပြန့် အမြစ်တွယ်ထွန်းကားခဲ့သည်။ ယနေ့တိုင်ပင် ဆိုရမည်။ နိုင်ငံတကာမှာလည်း အကျယ်ပြန့်ဆုံး အထွန်းကားဆုံးဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် ဤနိုင်ငံမှာ EXTRINSIC လေ့လာမှု တစ်မျိုးတည်းကိုသာ အသုံးများသောကြောင့်၊ အခြားတစ်ပါးသော လေ့လာမှုမျိုးကို ကောင်းစွာ မသိကြ၊ သိသော်လည်း လက်မခံကြဟုပင် ဆိုရမည်ကဲ့သို့ ဖြစ်နေပါသည်။ ဤစကား လွန်သွားသည်ဟု ထင်စရာရှိပါသည်။ သို့သော် မြန်မာစာပေသမိုင်းတွင် ကိုလိုနီခေတ်တစ်လျှောက်လုံး (ဇော်ဂျီ၏ ဆုံးဖြတ်ချက်အရ ၂၀ ရာစုခေတ်ဦး) ထွန်းကားခဲ့သော စာပေလေ့လာမှုကို ကြည့်ပါက အထက်ပါအတိုင်း ဆိုရမည်ကဲ့သို့ ဖြစ်နေပါသည်။ မြန်မာ့နိုင်ငံရေးသမိုင်းမှာလည်း နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးလှုပ်ရှားမှု အရှိန်အဟုန် မြန်ဆန်လာသည်နှင့်အမျှ နိုင်ငံရေးနိုးကြားမှုကလည်း ပွင့်လင်းလာသည်။ ယေဘုယျအခေါ် လက်ဝဲဝါဒ(ဝါ) မာ့က္စဝါဒ MARXISM(ဝါ) ကွန်မြူနစ်ဝါဒ အတွေးအခေါ်များနှင့် ဆက်စပ်ယှက်နွယ်နေသော အတွေးအခေါ်များ ထွန်းကားအားကောင်းလာသည်။ မြန်မာစာပေ အနုပညာ အတွေးအခေါ်များကို လွှမ်းမိုး၍လာသည်။ ထိုသို့ဖြင့် EXTRINSIC/ CONTEXTUAL လေ့လာမှုများ ကျယ်ကျယ်ပြန့်ပြန့် အမြစ်တွယ်ထွန်းကားခဲ့သည်ဟု ဆိုရပါမည်။ ယင်းတို့နှင့်

mgyoe.com

ပတ်သက်၍ ကောင်းဆိုးကျိုးပြစ် သုံးသပ်ဝေဖန်သော သဘောများပါသည့် "အမြင်များ" ကို တင်ပြသွားပါမည်။

## ၄း၄။ အပြင် EXTRINSIC/ CONTEXTUAL အတွေးအခေါ်များ ထွန်းကားရခြင်း အကြောင်းရင်းများ

အပြင်လေ့လာမှု/ ဝေဖန်ရေးအတွေးအခေါ်များ ထွန်းကားခဲ့သည်မှာ ကြာခဲ့ပြီ။ ရှေးဟောင်း "ဂရိ" လူ့အဖွဲ့အစည်းမှာပင် အထောက်အထားများ ရှိခဲ့သည်။ အနုပညာသမား၏ ဘဝအတ္ထုပ္ပတ္တိနှင့် ယှဉ်တွဲလေ့လာမှုများသည် (၁၆)ရာစုနှစ်လောက်မှာပင် ရှိခဲ့၏။ သမိုင်းစဉ်နှင့်ယှဉ်၍ စာပေလေ့လာစိစစ်ခြင်းများသည် (၁၈)ရာစု အစပိုင်းလောက်ကပင် ပေါ်ထွန်းခဲ့သည်။ (၁၉)ရာစုတွင် အထွန်းကားဆုံး အဆင့်သို့ ရောက်ခဲ့သည်။ လူ့အသိပညာ ဖွံ့ဖြိုးတိုးတက်မှုကြီးတစ်ရပ်အဖြစ် သီးခြားထည်ဝါစွာ ရပ်တည်နိုင်ခဲ့သည်။

ယင်းလေ့လာမှု အတွေးအခေါ်များ ထွန်းကားတိုးတက်လာရခြင်း အကြောင်းရင်းအချို့မှာ ဤသို့ဖြစ်သည်။

(၁၉)ရာစုနှစ်များအတွင်းမှာ ဩဇာအကြီးမားဆုံး အနက်ရှိုင်းဆုံးအတွေးအခေါ်သည် CONTEXT ပင် ဖြစ်နေသည်။ ဆိုလိုသည်မှာ အရာရာကို လေ့လာရာတွင် (ဝါ)နားလည်ဖို့ ကြိုးစားရာတွင် သူ့တစ်ခုတည်း၊ သူ့ချည်းသက်သက် လေ့လာ၍မရ။ သူနှင့်ဆက်နွှယ်နေသော အကြောင်းများ၊ အကျိုးများ၊ ယင်းတို့၏ အပြန်အလှန်ဆက်သွယ်မှုများကို လေ့လာရမည်ဟူသော အတွေးအခေါ်ကိုဆိုလိုသည်။ အတွေးအခေါ်ပညာရှင်များ၊ သိပ္ပံပညာရှင်များက ထိုသို့သိုင်းဝိုင်းဆက်စပ်သော အတွေးအခေါ်များကို ရှေ့တန်းတင် သုံးစွဲလာကြသည်။

နောက်အကြောင်းတစ်ခုမှာ... သိပ္ပံပညာ ထွန်းကားတိုးတက်လာခြင်းပင်ဖြစ်သည်။ သဘာဝသိပ္ပံပညာများ၏ တိကျသေချာမှု၊ စနစ်ကျမှုတို့ကို တွေ့မြင်လာကြသည်။ စာပေအနုပညာကိုလည်း တိတိကျကျ သေသေချာချာ စနစ်တကျ လေ့လာနိုင်ဖို့ စိတ်အားထက်သန်လာကြသည်။ စာပေလေ့လာမှု စာပေဝေဖန်ရေးတို့ကို "သိပ္ပံနည်းကျ" ဖြစ်စေချင်လာကြသည်။ ထိုစဉ်ကရှိနေသော စာပေလေ့လာမှုနှင့် ဝေဖန်ရေးသည် ဝေဖန်သူ၏အကြိုက်၊ ဆန္ဒစွဲတွေ လွှမ်းမိုးလွှမ်းနေ

mgyoe.com

mgyoe.com

သည်။ စနစ်တကျလေ့လာမှုမျိုးမဟုတ်ဘဲ မိမိအထင်တွေ၊ အစွဲအလမ်းတွေကို ပြောသော ဝေဖန်ရေးမျိုး ဖြစ်နေသည်။ ထို့ကြောင့် ကြောင်းကျိုးဆက်စပ်မှုရှိသော ခိုင်လုံခြေမြစ်သော လေ့လာမှု ဝေဖန်ရေးမျိုးဖြစ်အောင် ကြိုးပမ်းလာကြသည်။

နောက်အကြောင်းတစ်ခုမှာ သဘာဝသိပ္ပံများ ထွန်းကားလာသည်နှင့်အတူ လူမှုရေးသိပ္ပံ SOCIAL SCIENCE များ ထွန်းကားလာခြင်း ဖြစ်သည်။ လူမှုရေးပညာ SOCIOLOGY၊ စိတ်ပညာ PSYCHOLOGY၊ ဘောဂဗေဒ ECONOMICS၊ ယဉ်ကျေးမှုမနုဿဗေဒ CULTURAL ANTHROPOLOGY စသည်တို့သည် အတွေးအမြင် အသစ်အဆန်းများ၊ တွေ့ရှိချက်အသစ်အဆန်းများဖြင့် လွန်စွာ ထွန်းကားလာခဲ့သည်။ လူတစ်ဦးချင်း၏ အပြုအမူသဘာဝတို့ကိုလည်းကောင်း သိပ္ပံနည်းကျ (ဝါ) စနစ်တကျ လေ့လာစူးစမ်းလာကြသည်။ စာပေအနုပညာကိုလည်း ထိုသို့ လေ့လာ၍ မရနိုင်ဘူးလား။ ထိုသို့ လေ့လာစူးစမ်းလိုသော စာပေအနုပညာ အတွေးအခေါ်ပညာရှင်များ ပေါ်ထွန်းလာခဲ့ကြသည်။ ဤသို့ဖြင့် EXTRINSIC APPROACH ဖြင့် ချဉ်းကပ်သော CONTEXTUAL လေ့လာမှုနှင့် ဝေဖန်ရေးများ ထွန်းကား အားကောင်းလာခဲ့ရပါသည်။ အသစ်သော သီဝရီများ နည်းစနစ်များ ပေါ်ထွန်းလာခဲ့ကြသည်မှန်သော်လည်း စာပေ အနုပညာကို အကြောင်းပေါင်းစုံ ဆက်စပ်သိုင်းဝိုင်း၍ ကြည့်ရမည်ဟူသော ပြင်ပလေ့လာမှုသည် ယနေ့တိုင် ရှိနေပါသေးသည်။

ယခုဆက်၍ ပြင်ပလေ့လာမှုဆိုင်ရာ အမြင်များကို ဖော်ပြပါမည်။ ထိုသို့ ဖော်ပြရာတွင် အရေးပါသော အမြင်များကို အကျဉ်းဖော်ပြ၍ ဝေဖန်ရေးမှတ်ချက်များပါ ပေးခဲ့ပါမည်။ လက်ခံခြင်း မခံခြင်းကို စာဖတ်ပရိသတ်ကြီးအတွက် ဖွင့်ပေးထားခဲ့ပါမည်။

## ၅း၀။ စာပေနှင့် စာရေးဆရာ၏ဘဝ

စာပေအနုပညာ ပစ္စည်းတစ်ခုကို ဖန်တီးသူစာရေးဆရာ၏ ဘဝနှင့် ယှဉ်တွဲထင်ဟပ် လေ့လာခြင်းသည် အတော်ရှေးကျသော လေ့လာခြင်းမျိုး ဖြစ်သည်။ ရှေးကျရုံမျှမက အခြေလည်းကျနေသော လေ့လာနည်းလည်းဖြစ်သည်။ ယုတ္တိလည်းရှိသည်။ အဘယ်ကြောင့်ဆိုသော် စာတစ်ပုဒ်သည် သူ့အလိုလိုသီးပွင့်

mgyoe.com
ပေါ်ပေါက်လာသည် မဟုတ်။ ဖန်တီးသူ ပြုလုပ်သူ၊ ရေးသူဟူ၍ ရှိစမြဲ။ စာရေးဆရာသည် လက်ရင်းအကျဆုံးဖြစ်၏။ သူမရှိလျှင် သူ့စာမရှိ။ ထို့ကြောင့် သူ့ကို ပင်မလက်ရင်းထား၍ လေ့လာကြသည်။ ကျွန်တော်တို့ဆီမှာ ဘဝနှင့် စာပေဆိုသော စကားရပ်သည် လွန်စွာခေတ်စားခဲ့ပါသည်။ ဦးပုညဘဝနှင့် စာပေ၊ သခင်ကိုယ်တော်မှိုင်းဘဝနှင့် စာပေ၊ သိန်းဖေမြင့်ဘဝနှင့် စာပေစသည်တို့ကို အတော်များများ ကြားဖူးနားယဉ်နေပါပြီ။ အတ္ထုပ္ပတ္တိဟူ၍လည်းကောင်း ဘဝဇာတ်ကြောင်းဟူ၍လည်းကောင်း နားလည်ထားကြပါသည်။ BIOGRAPHYဟု အင်္ဂလိပ်ဝေါဟာရရှိသည်။ ကျွန်တော်တို့ဘက်က စဉ်းစားရမည်မှာ အတ္ထုပ္ပတ္တိ ဘဝဇာတ်ကြောင်းက စာပေလေ့လာမှုတွင် မည်သို့ပါဝင်လာသလဲ၊ မည်သို့ အကျိုးပြုသလဲ၊ တစ်နည်းပြောလျှင် စာပေလေ့လာမှုမှာ စာရေးဆရာဘဝကို ဘယ်လိုအသုံးပြုသလဲဟူ၍ ဖြစ်ပါသည်။ မြန်မာစာပေလောကမှာ ထင်ရှားသော ပုဂ္ဂိုလ်နှင့်ပင် ပုံစံပြကြပါစို့။

နတ်ရှင်နောင်၊ တောင်ငူဘုရင် နတ်ရှင်နောင်၊ ရတုဘုရင် နတ်ရှင်နောင်ကို စာပေလောကသားတိုင်း သိကြပါလိမ့်မည်။ နတ်ရှင်နောင်၏ ဘဝဇာတ်ကြောင်း/ အတ္ထုပ္ပတ္တိကို လေ့လာလျှင်၊ မွေးသက္ကရာဇ် မသေချာ၊ တောင်ငူရွှေနန်းတည်မင်း၊ မင်းရဲသီဟသူ၏ သားတော်ကြီး၊ သက္ကရာဇ် ၉၆၄ ခုနှစ်တွင် ဖခင်နန်းတက်၍ နတ်ရှင်နောင်ကို အိမ်ရှေ့ဥပရာဇာ ပေးတော်မူသည်။ ထိုနှစ်တွင် ရာဇဓာတုကလျာနှင့် စုံဖက်သည်။ ထိုနှစ်မှာပင် ရာဇဓာတုကလျာ ကွယ်လွန်သည်။ သက္ကရာဇ် ၉၇၁ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့တွင် ဘုရင်ဖြစ်သည်။ ထိုနှစ်မှာပင် အင်းဝဘုရင် အနောက်ဘက်လွန်မင်းက တောင်ငူကို သိမ်းပိုက်သည်။ နတ်ရှင်နောင်ကို နန်းချ၍ လက်အောက်ခံမင်းအဖြစ် ထားခဲ့သည်။ လက်အောက်မင်းငယ်ဘဝမှာ သန်လျင်မြို့စား ကုလားဇဗင်ကာထံ “ကြက်ရိုးပင်စား” ကို လျှို့ဝှက်စေလွှတ်ဆက်သွယ်သည်။ ၉၇၄ ဝါခေါင်လတွင် “ဇဗင်ကာ” က တောင်ငူကို သိမ်းပိုက်ရန် ဗွင်ဒေကရသီယာကို စေလွှတ်သည်။ တောင်ငူ ကျဆုံး၍ နတ်ရှင်နောင်ကို သန်လျင်သို့ ခေါ်ဆောင်သွားသည်။ မြန်မာမင်း “အနောက်ဘက်လွန်” က သန်လျင်ကို ချီတက်တိုက်ခိုက်သည်။ သက္ကရာဇ် ၉၇၄ ပြာသိုလဆန်း ၄ ရက်နေ့တွင် မြန်မာတပ်များ ရောက်လာသည်။ ၉၇၄ ခု တန်ခူး
mgyoe.com

mgyoe.com
လပြည့်နေ့၊ ညတစ်ချက်တီးကျော်တွင် သန်လျင်ကျသည်။ နတ်ရှင်နောင်နှင့် ငဇင်ကာကို လက်ရဖမ်းမိသည်။ သက္ကရာဇ် ၉၇၄ တန်ခူးလပြည့်ကျော် ၃ ရက် စနေနေ့တွင် နတ်ရှင်နောင်ကို သန်လျင်မြို့ဈေးလယ်တွင် ကားစင်တင် ကွပ်မျက်သည်။ နတ်ရှင်နောင်၏ ဘဝဇာတ်ကြောင်း/အတ္ထုပ္ပတ္တိဖြစ်သည်။ (အကျယ်ကို ပါမောက္ခဦးချမ်းမြ၊ "နတ်ရှင်နောင်ဆိုရတုများ"၊ မောင်သုတ "စာဆိုတော်များ အတ္ထုပ္ပတ္တိ"တို့ကို ကြည့်ပါ။)

နတ်ရှင်နောင်၏ အတ္ထုပ္ပတ္တိကို ကျွန်တော်တို့ သိရပြီထားတော့။ အရေးအကြီးဆုံး မေးခွန်းပေါ်လာပါသည်။ နတ်ရှင်နောင် အတ္ထုပ္ပတ္တိ/ဘဝကို သိရသည့်အတွက် သူ့ရတုများ လေ့လာရာတွင် ဘာအထောက်အကူရသလဲ။

သူ့အတ္ထုပ္ပတ္တိ/ဘဝမှ ကျွန်တော်တို့ ရရှိလိုက်သော၊ သိရှိလိုက်သော အချက်အလက်များသည် စိတ်ဝင်စားဖွယ်ကောင်းပါလိမ့်မည်။ ကရုဏာသက်ဖွယ်ကောင်းပါလိမ့်မည်။ သို့မဟုတ် သူ့ကိုမနှစ်သက်၊ မလိုလား၊ ပြစ်တင်ရှုတ်ချဖွယ် ဖြစ်ချင်ဖြစ်ပါလိမ့်မည်။ ဆိုပါတော့... သူ့ထက်အသက်ကြီးသော၊ သူ့အဒေါ်တော်စပ်သော ရာဇဓာတုကလျာကို အချစ်မပျက်၊ မုဆိုးမဘဝမှာပင် လက်ထပ်ခဲ့သည့်အတွက် သူ့အချစ်ကို လေးစားချီးကျူးနိုင်သည်။ ထိုနှစ်မှာပင် ရာဇဓာတုကလျာ ကွယ်လွန်၍ သူ့ကို ကရုဏာသက်နိုင်သည်။ ဓာတုကလျာ၏ ပထမအိမ်ထောင် မင်းကြီးစွာ စစ်မြေပြင်တွင် ကျဆုံးရသည်မှာလည်း နတ်ရှင်နောင်၏ ပိရိသော အကောက်ကြံမှုကြောင့်ဟု သူ့ကို ပြစ်တင်ရှုတ်ချနိုင်သည်။ နိုင်ငံခြားသား ကုလားငဇင်ကာနှင့် ပူးပေါင်းသောကြောင့် မျိုးချစ်စိတ်မရှိသူဟု ပြစ်တင်ရှုတ်ချနိုင်သည်။ သန်လျင်မှာ ဗရင်ဂျီဘာသာသို့ ဝင်သောကြောင့် အမျိုးဘာသာသာသနာဖျက်သူဟု သူ့ကို ရှုံ့မုန်းနိုင်သည်။ တစ်ဖက်ကကြည့်လျှင်လည်း အာဏာ/ထီးနန်းရဖို့အတွက် ကုလားငဇင်ကာနှင့် ပေါင်းလိုက်သော သူ့ဆုံးဖြတ်ချက်ကို အသေခံ၍ ဆုပ်ကိုင်သွားခြင်း (ဝါ) ပြောင်းလဲရန် ငြင်းဆန်ခြင်းကြောင့်၊ သူ့ကို ချီးကျူးရမည်လား၊ လေးစားရမည်လား။ ဤကဲ့သို့သော အနုပညာရှင်ကြီးတစ်ယောက် သန်လျင်မြို့ဈေးလယ်မှာ၊ သာမန်စားပြမုဒိမ်းကဲ့သို့ ကားစင်တင်၍ အသတ်ခံရသည်ကို သနားရမည်လား။ ပြန်ချုပ်ရလျှင် သူ့အတ္ထုပ္ပတ္တိ/ဘဝမှ ကျွန်တော်တို့ အချက်အလက်များ ရရှိလိုက်သည်။ ထိုအချက်အလက်များနှင့်
mgyoe.com

mgyoe.com
ပတ်သက်သော သဘောထားများ ကျွန်တော်တို့မှာ ပေါ်ပေါက်သည်။

ထိုအသိများ သဘောထားများက သူ့ရတုတစ်ပုဒ်ကို ခံစားနိုင်ဖို့အတွက် မည်သို့ အထောက်အကူပြုသလဲဟူသော မေးခွန်း ပြန်လာပါသည်။ ဤရတု တစ်ပုဒ်ကို ကြည့်ပါရန်။

ရှာမြွက်တဆို၊ ချစ်သည်ကိုမူ၊ ကွဲပြိုစိတ်ပျံ့၊ မစဝံ့တည့်၊
အလွံ့တောင်တော၊ သင်းချောပမာ၊ သန္တာလိုလို၊ မြည်ိုတချို့၊
ရွှေသို့တစ်ဝက်၊ ဖူးထွက်ရွှံ့ရွှံ့၊ ရွက်ညွန့်ဝေဝေ၊ လေလည်းတုံ့ရစ်၊
မြစ်လည်းကြည်စံ၊ ခေါ်သံငုံ့ရှာ၊ ချစ်ပျူငှာနှင့်၊ ယှဉ်ကာနွဲ့လျက်၊
လည်ချင်းယှက်သည်၊ ကျေးငှက်လွမ်းဖော်ညို၏သို့။ ။

"တာရက်လကိုချီ၊ မိုးတောမယ်ဘွဲ့အလွမ်းရတု"

ဤမိုးရာသီဖွဲ့ အလွမ်းရတုတစ်ပုဒ်ကို အနုပညာရသ ခံစားနိုင်ဖို့ နတ်ရှင်နောင်၏ ဘဝဇာတ်ကြောင်း အဖြစ်အပျက် အချက်အလက်များက ဘာအထောက်အကူပြုသလဲ၊ ရသခံစားမှု ဖြစ်ပေါ်စေအောင် ဘယ်လိုဆောင်ရွက်သလဲ၊ စဉ်းစားကြည့်ရန်သာ ဖြစ်ပါသည်။ ထပ်မံပြပါဦးမည်။ နတ်ရှင်နောင်၏ အလွန်နာမည်ကျော်သော၊ အလွန်ကျော်ကြားထင်ရှားသော၊ နောက်ဆရာများ အလွန်ကိုးကားပြောဆိုကြသော ရတုမှ ဖြစ်ပါသည်။

ထက်ဆီဘုံဖျား၊ သိကြားကိုသာ၊ မယှဉ်သည်းလျာဟု၊ ဝမ်းမှာမှတ်ရှည့်၊
နေစလှည့်လိမ့်၊ ထားပြည့်ဝန်းရုံ၊ ဆင်ပုံမြင်းထွေ၊ စောင့်နှင့်နေလျက်၊
ရဝေနန်းချောင်၊ သလွန်ညောင်ဝယ်၊ သုံးမြှောင်ရုံကာ၊ နေလှည့်ရာကို၊
စကြာလက်ရုံး၊ ကြိုးပြီးဆုံးမှ၊ နှလုံးဖောက်ပြန်၊ မတော်ဟန်ကို၊
နိဗ္ဗာန်သခင်၊ သိစေချင်ဟု၊ ရွှေစင်ရောင်နွယ်၊ တင်ဆက်ရှယ်သည်၊
ကုန်းသွယ်မသားတောင်းကိုတည်း။

"ချောင်းမဘုရားတိုင်ရတု၊ မောင်ဘွဲ့"

အရပ်စကားနှင့် လွယ်လွယ်ပြောရလျှင် ရည်းစားသနာ မရှိဖူးသေးသော အပျိုစင်မင်းသမီးကလေးတစ်ပါး ရှိသည်။ နန်းတော်ထဲမှာ အစောင့်အကြပ်အထပ်ထပ် ဝန်းရံထားသည်။ ထိုမင်းသမီးလေးကို ယောကျ်ားပျိုတစ်ဦးက (မင်းသား
mgyoe.com

mgyee.com
တစ်ပါး ဖြစ်ပါလိမ့်မည်) ချဉ်းကပ်၍ "အချစ်ကို အရယူလိုက်သည်။" မင်းသမီးကလေးကို "ရ"လိုက်ပြီးမှ မင်းသားက (အရပ်စကားပဲ ပြောပါရစေ) ဘက်ကန်ပြီး "ခေါက်" ထားလိုက်သည်။ ထို့ကြောင့် မင်းသမီးကလေး စိတ်ထိခိုက်ကြေကွဲ၍ ကြဲရာမရ "ချောင်းမဘုရား" ကို တိုင်တည်သောအကြောင်း ဖြစ်သည်။ ဤစာပိုဒ်ကို ရေးအစဉ်အဆက် ဆရာများ အလွန်ချီးကျူးကြပါသည်။ ကျမ်းရိုး အလင်္ကာအရ လွန်စွာ ဂမ္ဘီရသဒ္ဒါနှင့်ဖွယ်ဖြစ်သော "ကြောရရုံကြဲသွားခြင်း" ကို၊ "စကြာလက်ရုံး၊ ကြိုးပြီးဆုံးမှ၊ နှလုံးဖောက်ပြန်၊ မတော်ဟန်ကို" ဟူသော လေးပဒဖြင့် ရေးဖွဲ့ခဲ့သည်။ ဤစာပိုဒ်၏ အနုပညာမြောက်မှုအတွက် နတ်ရှင်နောင်၏ဘဝ/အတ္ထုပ္ပတ္တိမှရသော အချက်အလက်များ သဘောထားများက ဘယ်လို ရှင်းလင်းဖွင့်ဆိုပြနိုင်သလဲ။ ဘာဆက်စပ်မှုရှိသလဲ။ အသေအချာ အလေးအနက် စဉ်းစားကြည့်ရန် ဖြစ်ပါသည်။ ထပ်မံစဉ်းစားရန် တင်ပြပါဦးမည်။

အင်းဝပျို့ ကဝိကြီး ရှင်မဟာရဋ္ဌသာရနှင့် ဝဏ္ဏပဘာဟု အများသိနေကြသော မိန်းမပျိုလေးတို့ကိစ္စကို တင်ပြပါဦးမည်။

ဆရာတော်ကြီး၏ ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျိုမြစ်မျစ်လျှင်၊ ကျစ်လျစ်တင့်စံပယ်၊ လှမျိုးကြွယ်သား အစချီသော မယ်ဘွဲ့၊ အလှဘွဲ့ရတုသည် လေးလုံးစပ်စနစ်ကို ဖောက်ဖျက်၍ ဆန်းသစ်တီထွင်ထားသော ရတုဖြစ်သည်။ ထိုရတုမှ အစပဒတွင် ပါသော ဝဏ္ဏပဘာဟူသော စကားရပ်ကို အစွဲပြု၍ ရှင်မဟာရဋ္ဌသာရ ဆရာတော်ကြီးတွင် ဝဏ္ဏပဘာဟူသော ချစ်သူမိန်းကလေး ရှိခဲ့သည်။ ထိုမိန်းကလေးကို ကဗျာရတုများ ရေးပေးလေ့ရှိသည်။ မြသွယ်ရောင်လျှံချီ ကိုယ်တွင်းပြည့်၊ ရတုပိုဒ်စုံ၊ ဆင်းလှဆင်းထွတ် ချီရတုပိုဒ်စုံ၊ မြတ်မျိုးမြင့်မှန် ချီဧကပိုဒ်ရတု၊ ချစ်စုံမက်၍ ချီရတုပိုဒ်စုံ၊ နန်းမြေအောင်ချာချီ ဘုရားတိုင်မယ်ဘွဲ့တို့ကို ထောက်၍ ဆရာတော်နှင့် "ဝဏ္ဏပဘာ" တို့၏ အချစ်ဇာတ်လမ်းကို အတည်ပြုပြောဆိုကြသည်။ ဆရာတော်၏ အကျော်ကြားဆုံး (ကျွန်တော့်အယူအဆ ဖြစ်ပါသည်။ )အကောင်းဆုံးရတုမှာ ပုရေနိုသင် ဖြစ်ပါသည်။ ထိုရတုသည် ဆရာတော်နှင့် "ဝဏ္ဏပဘာ" တို့၏ အချစ်ဇာတ်လမ်းကို ပြည်ဖုံးကားချပေးလိုက်သော ရတုဖြစ်သည်။ ဤသို့ဖြင့် ဝဏ္ဏပဘာ "ရှိ" ခဲ့ရသည်။ ဘယ်သူလဲဟု ပညာရှင်များ လေ့လာသုံးသပ် အတည်ပြုခဲ့ကြသည်။ သို့တိုင်အောင် ဝဏ္ဏပဘာပြဿနာက

mgyee.com

mgyoe.com
ရှိနေဆဲဟု ယူဆရပါမည်။

တစ်ဖန် ဘုရင်မင်းခေါင်၏ သမီးတော် အငယ်ဆုံးမင်းသမီးလေး မင်းဘုန်းထွတ်နှင့် ဆရာတော်သည် ငယ်စဉ်ဘဝကပင် ချစ်ကြိုက်ရင်းရှိသည်နှင့် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် လက်ထပ်ထိမ်းမြားပေးခဲ့သည်ဟု အဆိုတစ်ခု ရှိပြန်သည်။ ထိုအဆိုကို ပညာရှင်အချို့က ထောက်ခံသည်။ ထောက်ခံရသော အကြောင်းမှာလည်း မြန်မာနိုင်ငံစာကြည့်တိုက်ရှိ ပေမူအမှတ် ၁၂၁၃ (၁၂၂၃ ခုနှစ် ရေးကူး)နှင့် မိုင်းခိုင်းမြို့စား ပိဋကတ်တိုက်ရပ်ဝန်ထောက် မဟာသီရိဇေယျသူ၏ "မဟာရဋ္ဌသာရပ္ပတိကထာ" ကျမ်းစသည်တို့ကို ထောက်၍ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကမူ ထိုအဆိုကို ပယ်ခဲ့သည်။ (ပါမောက္ခဒေါ်သန်းဆွေ၏ "ဘူရိဒတ် ဇာတ်ပေါင်း" နိဒါန်း)ဤသို့ဖြင့် ဝဏ္ဏပဘာပြဿနာနှင့်အတူ ဝဏ္ဏပဘာသည် ဘုရင်မင်းခေါင်၏သမီးထွေး မင်းသမီးလေး မင်းဘုန်းထွတ် ဖြစ်သလားဟူသော မင်းသမီးပြဿနာပါ တိုးလာသည်။

တစ်ဖန် ထိုမင်းသမီးကလေးနှင့် လက်ထပ်ထိမ်းမြားသည်ဟု အထက်ပါ ပေမူအမှတ် "၁၂၁၃" နှင့် မိုင်းခိုင်းမြို့စားတို့က ဆိုပြန်သည်။ ထို့ကြောင့် ဆရာတော်သည် တောထွက်လား၊ ငယ်ဖြူလားဟူသော ငယ်ဖြူတောထွက်ပြဿနာပါ တိုးလာသည်။ ထိုပြဿနာ၏ အစများသည် ဆရာတော်ရေးခဲ့သော စာများတွင် ရှိပါသည်။ ပညာရှင်များ ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်ပြီးပြီ ထားပါတော့။

၁/ ဝဏ္ဏပဘာသည် မှူးကြီးမတ်ကြီးတစ်ဦး၏သမီး ဖြစ်သည်။

၂/ ရှင်မဟာရဋ္ဌသာရနှင့် မေတ္တာမျှခဲ့သည်။ လက်မထပ်ခဲ့။

၃/ ရှင်မဟာရဋ္ဌသာရ သာသနာ့ဘောင်သို့ဝင်သည်

၄/ သံယောဇဉ်မဖြတ်နိုင်ဘဲ ဆက်သွယ်နေသေးသည်။

၅/ နောက်ဆုံး လုံးဝ သံယောဇဉ်ဖြတ်လိုက်သည်။

ဤ (၅) ချက်ကို ဆရာတော်၏ အတ္ထုပ္ပတ္တိတွင် အမှန်ဟု အတည်ပြုလိုက်ပြီးပြီထားပါတော့။ အထောက်အထားကိစ္စက ဝင်လာသည်။ အထောက်အထားရှိသလား။ သေချာသလား။ ခိုင်မာသလား။ သည်မေးခွန်းများကို ပညာရှင်လောကမှာ မကြိုက်သူတွေ ရှိပါလိမ့်မည်။ ထော်လော်ကန့်လန့်လုပ်သည်ဟု ထင်ကောင်းထင်နိုင်ပါသည်။ သို့သော် လေ့လာမှုကိစ္စမှာ ဤမေးခွန်းများမပါ
mgyoe.com

mgyoe.com
မဖြစ်ပါ။ ဤမေးခွန်းများ မေးသောကြောင့် အပြစ်ဆိုဖွယ်မရှိဟု ထင်မြင်ပါသည်။ (အထောက်အထားကိစ္စကို ရှေ့တွင် ဆက်ပါဦးမည်။)

ဤသို့ စဉ်းစားကြည့်လျှင် မရနိုင်ဘူးလား။ ဝဏ္ဏပဘာဆိုသော စကားရပ်သည် မိန်းကလေးတစ်ယောက်ကို တင်စားဖွဲ့ဆိုသော စကားလုံးမျှသာ ဖြစ်သည်။ ထိုမိန်းကလေးသည် တကယ်မရှိ။ ရှင်မဟာရဋ္ဌသာရ ငယ်ရွယ်စဉ် စိတ်ကူးယဉ် စိတ်ကစားရေးဖွဲ့သော ရတု မဖြစ်နိုင်ဘူးလား။ ရဟန်းဘဝမှာပင် ရှိနေသော်လည်း အတွင်းအချစ်စိတ်ဓာတ်ကြောင့် "ဖက်ချစ်ရမ်းချစ်၊ တမ်းချစ်ချစ်ပျော်၊ ယှဉ်ဖော်ယှဉ်စုံ၊ ယှဉ်နွဲ့တုံ၍၊ ပိုက်ခြုံရွှေရင်..." ဟူသော စာသားများကို ရေးဖွဲ့ခဲ့သည်။ ဆရာတော်သည် ငယ်စဉ်ဘဝ သူ့ချစ်သူနှင့် တကယ် "ဖက်ချစ်ရမ်းချစ်" အစွမ်းကုန်ချစ်ခဲ့သလား။ တကယ်မဟုတ်ဘဲ သူ့စိတ်ထဲက ဖြစ်ချင်တာတွေကို ရေးဖွဲ့တာ မဖြစ်နိုင်ဘူးလား။ ထိုရတုတွင်ပါသော မိန်းကလေးသည် "ဝဏ္ဏပဘာ" နှင့် တစ်ယောက်တည်းလား။ တစ်ဖန် ဝဏ္ဏပဘာကို တစ်ခုသော ညနေဆည်းဆာမှာ တွေ့ခဲ့သည့် "ညခင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်၊ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့၊ ဆည်းဆာညရီတွင် ကျွန်ုပ်မြင်သည် ရွှေရင်ဖုံးတုံ့မဖုံးတုံ့" ဟူသော စာသားကို ထောက်၍ သိရသည်။ မြသွယ်ရောင်လျှံရတုတွင်လည်း မိန်းမပျိုကလေးကို "နေဝင်ဝယ်စ၊ မြင်မိရသည်၊ ခါရဖွေနည်းရေးဘိသည်" ဟု ပါသည်ကို ထောက်၍ ညနေဆည်းဆာမှာ တွေ့ရသည်။ ညနေမှာ တွေ့ရတာချင်း တူသော်လည်း မိန်းကလေးတစ်ယောက်တည်းလား၊ နောက်တစ်ယောက် မဖြစ်နိုင်ဘူးလား။ တစ်ဖန် မြတ်မျိုးမြင့်မှန်တွင်ပါသော မိန်းကလေး ဘယ်သူလဲ။ ဝဏ္ဏပဘာလား။ "ငါးကြန်ပြည့်ကို" ဟူသော စာသားပါရှိသည်။ ကောင်းခြင်းကြန်အင်ငါးဖြာနှင့် ပြည့်စုံသော မိန်းကလေးဟု သိရသည်။ ထိုမိန်းကလေး"ကို" အကြိမ်ကြိမ် လျှောက်သည် (ဝါ) ချစ်ခွင့်တောင်းသည်။ ထိုမိန်းကလေးသည် ဝဏ္ဏပဘာလား၊ "မြသွယ်ရောင်လျှံ" ရတုမှာပါသော "နေဝင်ဝယ်စ၊ မြင်မိရသည့်" မိန်းကလေးနှင့် အတူတူပဲလား။ အရေးအကြီးဆုံးကိစ္စ ပြောရပါမည်။ ပုရေနိုသင် စာတော်မှာ ပါသော "ငယ်ကျွမ်းချစ်"၊ "အသက်"၊ "နှမ"၊ "ငယ်ကျွမ်းဝင်" ဟု ခေါ်ခဲ့သော မိန်းကလေးသည် ဝဏ္ဏပဘာလား။ အခြားရတုများမှာပါသော မိန်းကလေးတွေနှင့် တစ်ယောက်တည်းလား။ "ဤဘဝဝယ်၊ နှမလက်လျှော့၊ နေလေတော့ဟု" ဆို
mgyoe.com

mgyoe.com
သော စာသား၊ သုံးပဒ၊ စာလုံးဆယ့်နှစ်လုံးသည် ကျွန်တော်တို့ စာပေလောကမှာ၊ ကျွန်တော်တို့ကဗျာလောကမှာ စိတ်ထိခိုက်စရာအကောင်းဆုံး၊ ကြေကွဲစရာအကောင်းဆုံး၊ ခံစားမှုအပြင်းထန်ဆုံး၊ အနုပညာအမြောက်ဆုံး စာသားများ ဖြစ်သည်။ (ကျွန်တော့်သဘောအယူအဆ ဖြစ်ပါသည်။ အခြားသူများနှင့် တူချင်မှ တူပါမည်။) ထိုစာသား၊ သုံးပဒ၊ စာလုံးဆယ့်နှစ်လုံးနှင့် စွန့်ပစ်ခြင်းခံခဲ့ရသော၊ ချစ်ကံဆိုးမလေးသည် ဘယ်သူလဲ။ သည်မေးခွန်းများကို မေးဖို့မလိုဟု ဆိုကောင်း ဆိုပါမည်။ အကယ်၍ မေးလာခဲ့ပြီဆိုပါလျှင် မည်သို့ ဖြေမည်လဲ။ ဤနေရာတွင် အဖြေကို ကျွန်တော် မပြောလိုပါ။ ကျွန်တော်ပြောလိုရင်းမှာ "မသေချာမှု၊ မရေရာမှု" သာ ဖြစ်ပါသည်။ မသေချာ မရေရာမှု၏အကြောင်းရင်းဖြစ်သော အထောက်အထားကိစ္စကိုလည်း ဆက်လက်စဉ်းစားဖို့ လိုအပ်ပါသည်။

## ၅း၁။ အထောက်အထားပြဿနာ

သမိုင်းပညာရပ်ကြီးမှာ အထောက်အထား လွန်စွာ အရေးကြီးကြောင်း သမိုင်းပညာရှင်များသည် အထောက်အထားကို လွန်စွာ တန်ဖိုးထားကြကြောင်း ငြင်းဖွယ်မရှိ အားလုံးအသိဟု ထင်ပါသည်။ စာရေးသူတစ်ယောက် (ဝါ) လူတစ်ယောက်၏သမိုင်း၊ နိုင်ငံတစ်နိုင်ငံ၏သမိုင်း၊ စာပေအနုပညာတစ်ရပ်၏ သမိုင်းတွင်လည်း အထောက်အထားပြည့်စုံဖို့ အလွန်လိုအပ်ပါသည်။ ကျွန်တော်တို့ ကြားဖူးနေသော ပါးစပ်ရာဇဝင်ဆိုသောစကားနှင့် စဉ်းစားဆင်ခြင်ကြည့်စေလိုပါသည်။ အလောင်းစည်သူမင်းကြီး ဇမ္ဗူဒိပ်ကျွန်း၊ ဇမ္ဗုသပြေပင်ရင်းရောက်သည်ဆိုသောအကြောင်း ကျွန်တော့်ကိစ္စ မဟုတ်ပါ။ ဘာမှမပြောလိုပါ။ ဒွတ္တဘောင်မင်းကြီး၏နဖူးက မှဲ့ရှင်သည် မသန့်သောအဝတ်ဖြင့် သုတ်မိ၍ ကွယ်ရသည်ဆိုသောအကြောင်း ကျွန်တော့်ကိစ္စ မဟုတ်ပါ။ သိလည်း မသိလိုပါ။ သို့သော် စလေဆရာကြီး ဦးပုည လက်တစ်ဖက်မသန်ကြောင်း၊ ကဗျာမရေးမိဖက်ဖြူဆေးလိပ်တစ်လိပ် ကုန်အောင်သောက်ကြောင်း၊ လက်ရေးအလွန်လှကြောင်းတို့မူ ကျွန်တော့်ကိစ္စ ဖြစ်ပါသည်။ ဟုတ်မဟုတ် စူးစမ်းဖို့ လိုအပ်ပါလိမ့်မည်။ ဟုတ်သည်ထားတော့။ ဆရာကြီး လက်ရေးလှခြင်းနှင့် တေးထပ်အရေးကောင်းခြင်း ဘယ်လိုဆက်စပ်သလဲ။ စာမရေးမီ ဖက်ဖြူဆေးလိပ်တစ်လိပ်
mgyoe.com